မြကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်၊ ကြာသပတေးနေ့၊ (31-5-2007) (၅၃၃၄)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တီးတိန်မြို့နယ် ဒေါ်လ်လွင်ဒေသ လက်ဖက်ထွက်ကုန်များကို ကူးသန်းရောင်းဝယ်နိုင်ရန် ဆက်သွယ်ရေးလမ်းများ တိုးတက်ကောင်းမွန်အောင် ဒေသခံပြည်သူများက ဝိုင်းဝန်းဆောင်ရွက်

ဒေသဝမ်းစာဖူလုံရေးအတွက် စပါးနှင့် နှစ်ရှည်ပင်တို့ကို တိုးချဲ့စိုက်ပျိုး

နေပြည်တော်   မေ   ၃၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၇ ရက် နံနက်ပိုင်းတွင် ချင်းပြည်နယ် တီးတိန်မြို့နယ် ရှင်ဥတ္တမတောင်အရှေ့ဘက်ရှိ ဒေါ်လ်လွင်ကျေးရွာ လက်ဖက်စိုက်ခင်းများသို့ နံနက် ၉ နာရီခွဲတွင် ရောက်ရှိရာ မြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးကပ်ခန့်ဇန်က ပတ်ဝန်းကျင် ကျေးရွာများ၌ ဒေသခံတိုင်းရင်းသားများ၏ လက်ဖက်စိုက်ခင်းများ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားညွှန်ကြားပြီး ဆောင်ရွက်ပေးကာ အဖွဲ့ဝင်များနှင့်အတူ ဒေသခံ တောင်သူများ၏ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည့် လက်ဖက်စိုက်ခင်းများနှင့် တောင်သူများ လက်ဖက်ရွက်ဆွတ်ခူးနေမှုများကို လှည့်လည်ကြည့်ရှု အားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဒေါ်လ်လွင်ကျေးရွာ ရှင်းလင်းဆောင်၌ လက်ဖက်စိုက်တောင်သူများအားတွေ့ဆုံရာ ရှေးဦးစွာ ဒေသခံလက်ဖက်စိုက်တောင်သူ ဦးထောင်ခန့်ခွာလ်က ဒေသအတွင်း လက်ဖက် ၁၀၁၁ ဧက စိုက်ပျိုးပြီး ဧက ၃၁၀ ခူးဆွတ်နေမှု၊ လက်ဖက်စိုက်ပျိုးထွက်ရှိမှုနှင့် ဈေးကွက်အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး တီးတိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးနှင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တီးတိန်မြို့နယ် ဒေါ်လ်လွင်ကျေးရွာတွင် ဒေသခံတောင်သူများ၏ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည့် လက်ဖက်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ဆောင်းပါး အညွှန်း

"ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်ကို ပိုမိုသိရှိနားလည်လာကြသည့်အလျောက် မြန်မာနိုင်ငံတွင် ဆေးလိပ်သောက်သုံးမှုနှုန်းထားများလည်း လျော့နည်းကျဆင်းလျက်ရှိသည်ကို တွေ့ရသည်။"

ဒေါက်တာညိုညိုကြိုင်၏ **"ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့"**

(ဆောင်းပါး) စာမျက်နှာ-၃

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၃၁-၅-၂၀၀၇
(ကြာသပတေးနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုရှောင်ကြဉ် ဆေးလိပ်ငွေ့ကင်းစင်သောပတ်ဝန်းကျင် ဖန်တီး

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက နှစ်စဉ် မေလ ၃၁ ရက်နေ့ကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အဖြစ် သတ်မှတ်ထားသည်။ မြန်မာနိုင်ငံတွင် ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့ အခမ်းအနားများကို ၁၉၈၉ ခုနှစ်မှ စတင်၍ ကျင်းပခဲ့ပြီး ဆေးလိပ်သောက်သုံးမှု၏ အန္တရာယ်အကြောင်း ဟောပြောပွဲများ၊ စာတမ်းဖတ်ပွဲများ၊ ဆွေးနွေးပွဲများကို အစဉ်တစိုက် ကျင်းပခဲ့သည်။

ဆေးလိပ်သောက်ခြင်းသည် ကိုယ်တိုင် သောက်သုံးနေသူများကို သာမက ဆေးလိပ်သောက်သူများက ဖွာထုတ်လိုက်သော ဆေးလိပ်ငွေ့အား ရှူရှိုက်မိသူများကိုပါ အန္တရာယ်ဖြစ်စေနိုင်သည်။ ဆေးလိပ်ငွေ့တွင် နီကိုတင်းနှင့်ကင်ဆာဖြစ်စေသော ဓာတ်ပစ္စည်းများပါဝင်သဖြင့် ဆေးလိပ်သောက်သူများအနေဖြင့် အဆုတ်ကင်ဆာ၊ အသည်းကင်ဆာနှင့် ခံတွင်းကင်ဆာရောဂါများ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ သွေးတိုးရောဂါများ ဖြစ်ပေါ်စေနိုင်သည်။

ဆေးလိပ်ငွေ့ရှူရှိုက်နေရသူ ကိုယ်ဝန်ဆောင်မိခင်များသည် ကိုယ်ဝန်ပျက်ခြင်း၊ တစ်နှစ်အောက်ကလေးငယ်များ ရုတ်တရက်သေဆုံးခြင်း၊ ကိုယ်အလေးချိန်မပြည့်သော ကလေးမွေးဖွားခြင်းများ ဖြစ်တတ်သည်။ ထိုနည်းတူ ဆေးလိပ်ငွေ့ရှူနေရသည့် ကလေးငယ်များသည်လည်း ရင်ကျပ်ရောဂါ၊ လေပြွန်ရောင်ရောဂါ၊ အဆုတ်ရောဂါတို့ ဖြစ်စေသည်။

ယင်းသို့ သူတစ်ပါး၏ ဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများမှ ကာကွယ်နိုင်ရေးအတွက် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို သတ်မှတ်ပြဋ္ဌာန်း ထားရှိပြီးဖြစ်သည်။ အများပြည်သူနှင့်သက်ဆိုင်သော ဆေးရုံ၊ ဆေးခန်း၊ သင်ကြားရေး အဆောက်အအုံများ၊ အားကစားကွင်းများ၊ ခရီးသည်ပို့ဆောင်သောယာဉ်များ၊ ကုန်တိုက်များ၊ ရုပ်ရှင်ရုံများ၊ အမိုးအကာရှိသော ဈေးရုံများသည် ဆေးလိပ်သောက်ခွင့်မရှိသော နေရာများဖြစ်၍ အဆိုပါနေရာများ၌ ဆေးလိပ်မသောက်စေရေးအတွက် သက်ဆိုင်ရာတို့က ကြပ်မတ်တားဆီးသွားကြရမည်ဖြစ်သည်။

စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ပြောင်းဖူးဖက်လိပ်၊ ဆေးတံစသည့် ဆေးရွက်ကြီးကို အခြေခံ၍ ပြုလုပ်ထားသော ပစ္စည်းမှန်သမျှသည် ကိုယ်တိုင်သောက်သုံးသည်ဖြစ်စေ၊ အငွေ့ရှူရသည်ဖြစ်စေ အန္တရာယ်ရှိသည်။ ပြည်သူများအားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် လူတိုင်းလူတိုင်းက ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲမှုများကို ကျန်းမာရေးအသိရှိရှိဖြင့်ရှောင်ကြဉ်ကြမှသာ ကျန်းမာသန့်ရှင်းသည့် ဆေးလိပ်ငွေ့ကင်းစင်သော ပတ်ဝန်းကျင်ကို ဖန်တီးဖော်ဆောင်နိုင်ကြမည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ ဘွားဘွားကြီး ဒေါ်ဒေါ်ဆယ်နှင့် ဖခင်ကြီး ဦးစံ-မိခင်ကြီး ဒေါ်တင်မြတို့အား ရည်စူး၍ ပဲခူးတိုင်း (အနောက်ခြမ်း) ပြည်မြို့ တရုတ်တန်းလမ်းနေ သမီး ဒေါ်အေးအေးသန့်(ခ)ဒေါ်နွဲ့နွဲ့နှင့် မောင်၊ညီမများက ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်၊ မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာဝိစိတ္တ(ကဝ) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အစည်းအဝေး ကျင်းပ

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ (၅/၂၀၀၇)အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ စာပေဗိမာန် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရှေးဦးစွာ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦးက ယခင်(၄/၂၀၀၇)အစည်းအဝေးမှ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကိုတင်ပြ၍ လုပ်ငန်းကော်မတီအသီးသီးမှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြကြကာ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က နိဂုံးချုပ်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်ပူးတွဲအဖွဲ့ လာရောက်တွေ့ဆုံ

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်ပူးတွဲအဖွဲ့ Financial Integrity Group, Legal Department မှ Mr. Joseph Mark Myers **ခေါင်းဆောင်သောအဖွဲ့ လာရောက် တွေ့ဆုံစဉ်။** (သတင်းစဉ်)

ရန်ကုန် မေ ၃၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်ပူးတွဲအဖွဲ့ Financial Integrity Group, Legal Department မှ Mr. Joseph Mark Myers ခေါင်းဆောင်သောအဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ စက်ချုပ်သင်တန်းနှင့် ပန်းအလှပြင်သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မေ ၃၀

ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ ကြီးကြပ်မှုဖြင့် တောင်ဥက္ကလာပမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သော စက်ချုပ်သင်တန်းနှင့် ပန်းအလှပြင် သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် တောင်ဥက္ကလာပမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ ကြီးကြပ်မှုဖြင့် တောင်ဥက္ကလာပမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သော စက်ချုပ်သင်တန်းနှင့် ပန်းအလှပြင် သင်တန်းဆင်းပွဲ အခမ်းအနားတွင် သင်တန်းသူများ၏ လက်ရာများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကား ပြောကြားပြီး သင်တန်းထူးချွန်ဆု ရရှိကြသူများအား ဆုများ ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေအား တောင်ဥက္ကလာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းက အမှတ်တရ လက်ဆောင်ပန်းခြင်း ပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူက စက်ချုပ်သင်တန်းနှင့် ပန်းအလှပြင် သင်တန်းနည်းပြ ဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နာယက ဒေါ်မာမာဝေနှင့်အဖွဲ့သည် ခန်းမအတွင်း စက်ချုပ်သင်တန်းသူများ၏ လက်တွေ့စက်ချုပ်နေမှုများ၊ သင်တန်းသူများ၏ ထုတ်လုပ်ပြီး လက်ရာမွန် အဝတ်အထည်များနှင့် ပန်းအလှပြင် ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါသင်တန်းကို ရက်သတ္တလေးပတ်ကြာဖွင့်လှစ်ခဲ့ပြီး စက်ချုပ်သင်တန်းတွင်သင်တန်းသူ ၃၀၊ ပန်းအလှပြင် သင်တန်းတွင် သင်တန်းသူ ၂၅ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မူးယစ်ကင်းစင် အလှဆင်

ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့

ဒေါက်တာ ညိုညိုကြိုင်

မေလ ၃၁ ရက်နေ့သည် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားများကို ၁၉၈၉ ခုနှစ်မှ စ၍ နှစ်စဉ် ကျင်းပလာခဲ့သည်။ ကျန်းမာရေးဝန်ကြီး ဌာနအနေနှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးခြင်း၏ အန္တရာယ်များကို ပြည်သူများ သိမြင်သဘောပေါက် ရှောင်ကြဉ်နိုင်စေရန် အတွက် ကျန်းမာရေး ပညာပေးခြင်းလုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်ခဲ့ပြီး ၂၀၀၀ပြည့်နှစ်မှစ၍ ဆေးလိပ်ကင်းဝေးရေး စီမံချက်ကို အမျိုးသားကျန်းမာရေးကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ အရှိန်အဟုန်မြင့် ဆောင်ရွက်ခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဦးဆောင်မှုဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းတစ်ရပ်ကို အဖွဲ့ဝင်နိုင်ငံများမှ လေးနှစ်ကြာ စုပေါင်းရေးဆွဲခဲ့ရာ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ အစဉ်တစိုက် တက်ရောက်၍ ဆွေးနွေးခဲ့ကြသည့်အပြင် စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှဒေသအတွင်း ညှိနှိုင်းအစည်းအဝေးကိုလည်း မြန်မာ နိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည်။ ကွန်ဗင်းရှင်းကို မြန်မာနိုင်ငံက ၂၀၀၃ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် အတည်ပြု ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်း ထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်နှင့်အညီ ကွန်ဗင်းရှင်းပါ အချက်အလက်များကို အကောင် အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိလာသည်။ ဤသို့ တာဝန်ရှိလာသည့် အတိုင်း ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၆ခုနှစ် မေလ ၄ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် (၅/၂၀၀၆)အဖြစ် ပြဋ္ဌာန်းခဲ့ပြီး တစ်နှစ်ပြည့်မြောက်သော ယခုနှစ် မေလ ၄ ရက်နေ့မှစ၍ အာဏာ တည်ခဲ့သည်။ **မြန်မာနိုင်ငံသည် ကွန်ဗင်းရှင်းကို လက်ခံထားသော နိုင်ငံတစ်နိုင်ငံဖြစ်ရာ ကွန်ဗင်းရှင်းနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးသမိုင်းတွင် ထူးခြားသည့် မှတ်တိုင်တစ်ရပ် ဖြစ်လာခဲ့သည့် အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း ချီးကျူးဂုဏ်ပြုခဲ့သည်။**

ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်ကို ပိုမိုသိရှိ နားလည်လာကြ သည့်အလျောက် မြန်မာနိုင်ငံတွင် ဆေးလိပ်သောက်သုံးမှု နှုန်းထားများ လည်း လျော့နည်းကျဆင်းလျက်ရှိသည်ကို တွေ့ရသည်။ ကျောင်းသား၊ လူငယ်များအတွင်း ဆေးလိပ်သောက်သုံးမှုနှုန်းမှာ ၂၀၀၁ ခုနှစ် စစ်တမ်း(Global Youth Tobacco Survey 2001)အရ ရှစ်တန်း၊ ကိုးတန်း၊ ၁၀တန်း ကျောင်းသူ၊ ကျောင်းသားများ၏ ၁၆ ဒသမ ၉ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၄ခုနှစ် စစ်တမ်း(Repeat Global Youth Tobacco Survey 2004)အရ ၉ ဒသမ ၇ ရာခိုင်နှုန်းသို့ ကျဆင်းလာကြောင်းသိရှိရပြီး ကျောင်းသူ၊ ကျောင်းသားများအတွင်း ဆေးရွက်ကြီးသုံးစွဲမှု နှုန်းမှာလည်း ၂၀၀၁ ခုနှစ် စစ်တမ်းအရ ရှစ်တန်း၊ ကိုးတန်း၊ ၁၀ တန်းကျောင်းသူ၊ ကျောင်းသား များ၏ ၂၀ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၄ ခုနှစ်တွင် ၁၀ ဒသမ ၈ ရာခိုင်နှုန်းသို့ ကျဆင်းလာကြောင်း သိရှိရသည်။ အသက် ၁၅နှစ် နှင့်အထက် အမျိုးသားများအတွင်း ဆေးလိပ်သောက်သုံးသူ နှုန်းမှာလည်း ၁၉၉၀ ဝန်းကျင်တွင် ၆၀ ရာခိုင်နှုန်းကျော် ရှိခဲ့ရာမှ ၂၀၀၁ ခုနှစ်တွင် ၄၈ ရာခိုင်နှုန်းနှင့် ၂၀၀၄ ခုနှစ်တွင် ၃၁ ရာခိုင်နှုန်းကျော်သာ ရှိကြောင်း တွေ့ရသည်။ အမျိုးသမီးများအတွင်း ဆေးလိပ်သောက်သုံးမှုအနေဖြင့် မြို့ပြတွင် သိသာစွာ လျော့နည်းကျဆင်းလျက်ရှိရာ မြို့ပြနေအမျိုးသမီး ထု၏ ၄ ရာခိုင်နှုန်းနှင့် ကျေးလက်နေ အမျိုးသမီးထု၏ ၂၀ ရာခိုင်နှုန်း ခန့်မှာ ဆေးလိပ်သောက်သုံးလျက်ရှိကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတ်မှတ်သော ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ်များကို မြန်မာဘာသာသို့ ပြန်ဆိုပြီး ၎င်းဆောင်ပုဒ်များ၏ ရည်မှန်းချက်များအတိုင်း တစ်နှစ်ပတ်လုံး လှုပ်ရှား ဆောင်ရွက်ခဲ့ကြသည်။ ဥပမာအားဖြင့် ၂၀၀၂ ခုနှစ် ဆောင်ပုဒ် ဖြစ်သော "Tobacco Free Sports: Play it Clean"ကို **"ဆေးလိပ်ဆေးရွက် မပတ်သက်၊ အားကစားသက်သက်၊ တို့ချီတက်"**ဟူ၍ ဘာသာပြန်ဆိုပြီး ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကို အားကစားဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပူးပေါင်း၍ သုဝဏ္ဏအားကစားကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

၂၀၀၃ ခုနှစ် ဆောင်ပုဒ်ဖြစ်သော "Tobacco free film: tobacco free fashion, Action" ဟူသော ဆောင်ပုဒ်ကို **"ဆေးလိပ် ကင်းကွာ အနုပညာကမ္ဘာ"**ဟု ဘာသာပြန်ဆိုပြီး မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့နှင့် ပူးပေါင်း၍ ဆေးလိပ် မသောက်ရေးနေ့ လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့သည်။ ၂၀၀၇ ခုနှစ်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတ်မှတ်ထားသော ဆောင်ပုဒ်မှာ "Smoke free environments" ဖြစ်ပြီး မြန်မာဘာသာဖြင့် **"ဆေးလိပ်ငွေ့ ကင်းစင်ရေး၊ ဝိုင်းဝန်းကူညီဆောင်ရွက်ပေး"**ဟူ၍ ပြန်ဆိုထားသည်။ ဤဆောင်ပုဒ်၏ ဦးတည်ချက်မှာ ဆေးလိပ်သောက်ရာမှ ထွက်လာသော ဆေးလိပ်ငွေ့များကို ရှူရှိုက်ရသည့် အန္တရာယ်မှကင်းဝေးစေရန်အတွက် ဆေးလိပ်ငွေ့ကင်းစင်သော ပတ်ဝန်းကျင်ကို ဖန်တီးထူထောင်နိုင်စေရန် လှုံ့ဆော်လိုရင်း ဖြစ်ပါသည်။

ဆေးရွက်ကြီးကို အသုံးပြုပြီး ထုတ်လုပ်သုံးစွဲသည့် ဆေးရွက်ကြီးထွက် ပစ္စည်းများမှာ အငွေ့ထွက်သော ဆေးရွက်ကြီးထွက်ပစ္စည်း (Smoking Tobacco) နှင့် အငွေ့မထွက်သော ဆေးရွက်ကြီးထွက်ပစ္စည်း (Smokeless Tobacco)ဟူ၍ အဓိကအားဖြင့် နှစ်မျိုး၊ နှစ်စားခွဲခြား ထားနိုင်သည်။ အငွေ့ထွက်သော ဆေးရွက်ကြီးထွက် ပစ္စည်းအုပ်စုမှာ စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ပြောင်းဖူးဖက်လိပ်၊ ကွမ်းဖက်လိပ်၊ ဆေးတံ၊ ရေပြောင်းစသည်တို့ပါဝင်ပြီး အငွေ့မထွက်သော ဆေးရွက်ကြီး ထွက်ပစ္စည်းမှာ ဆေးရွက်ကြီးငုံခြင်း၊ ကွမ်းယာထဲတွင် ဆေးရွက်ကြီး၊ ဆေးပေါင်း၊ နပ်ဆေး စသည်တို့ထည့်၍ စားခြင်း၊ ဆေးရွက်ကြီးကို ရေစိမ်၍သောက်ခြင်း စသည်တို့ ပါဝင်သည်။ ဆေးရွက်ကြီးကို အခြေခံ၍ လုပ်သည့် ပစ္စည်းမှန်သမျှကို အငွေ့ရှူသည်ဖြစ်စေ၊ အငွေ့မရှူဘဲ ငုံ၍ ဖြစ်စေ၊ စား၍ဖြစ်စေ ကျန်းမာရေးကို ထိခိုက်နိုင်သည်။

ဆေးလိပ်ကို မီးရှို့ရာမှထွက်လာသော ဆေးလိပ်ငွေ့ကို နှစ်မျိုးခွဲနိုင် သည်။ ပတ်ဝန်းကျင်လေထုထဲတွင် ပျံ့နှံ့လျက်ရှိသည့် ဆေးလိပ်ငွေ့ (Environmental tobacco smoke)မှာ ပင်မ ဆေးလိပ်ငွေ့ (Mainstream smoke)နှင့် ဘေးထွက်ဆေးလိပ်ငွေ့ (Side stream smoke) နှစ်မျိုးလုံးပါဝင်သည်။ ပင်မဆေးလိပ်ငွေ့ဆိုသည်မှာ ဆေးလိပ်သောက်သည့် သူက လေထဲကို မှုတ်ထုတ်လိုက်သော ဆေးလိပ်ငွေ့ဖြစ်သည်။ ဘေးထွက် ဆေးလိပ်ငွေ့ဆိုသည်မှာ ဆေးလိပ်သောက်သောသူမှ ဆေးလိပ်တစ်ဖွာနှင့် တစ်ဖွာကြားတွင် ဆေးလိပ်ကို လက်ကြားညှပ်ပြီး ကိုင်ထားစဉ်သော် လည်းကောင်း၊ မီးညှိထားသော ဆေးလိပ်ကို ချထားစဉ်မှာသော်လည်း ကောင်း မီးညှိထားသည့် ဆေးလိပ်မှထွက်ပေါ်နေသော အငွေ့ဖြစ်သည်။ ပင်မဆေးလိပ်ငွေ့နှင့် ဘေးထွက်ဆေးလိပ်ငွေ့ နှစ်ခုလုံးမှာ နီကိုတင်းနှင့် ကင်ဆာဖြစ်စေသော ဓာတ်ပစ္စည်းများ များစွာပါဝင်ပြီး ဤအငွေ့များကို ရှူခြင်းအားဖြင့် အဆုတ်ကင်ဆာ၊ အသည်းကင်ဆာ၊ ခံတွင်းကင်ဆာ စသောကင်ဆာများ၊နှလုံးသွေးကြောပိတ်ရောဂါ၊ သွေးတိုးရောဂါ၊ ခြေဖျား လက်ဖျား သွေးကြောပိတ်ရောဂါ စသောရောဂါများ ဖြစ်စေနိုင်သည်။ ကိုယ်ဝန်ဆောင်မိခင်များဆိုလျှင် ကိုယ်ဝန်ပျက်ခြင်း၊ တစ်နှစ်အောက် ကလေးငယ်ရုတ်တရက်သေဆုံးခြင်း၊ ကိုယ်အလေးချိန်မပြည့်သော ကလေး မွေးဖွားခြင်း၊ ဉာဏ်ရည်မမီသောကလေးဖြစ်ခြင်း တို့ကို ဖြစ်စေပြီး ဆေးလိပ်ငွေ့ရှူရသည့် ကလေးသူငယ်များတွင်လည်း ရင်ကျပ်ရောဂါ၊ လေပြွန်ရောင်ရောဂါ၊ အဆုတ်ရောင်ရောဂါတို့ကို ဖြစ်စေသည်။ ကလေး ငယ်များ၏အဆုတ်များသည် လူကြီး၏အဆုတ်ထက် ပိုမိုသေးငယ် ခြင်းကြောင့် ဆေးလိပ်ငွေ့၏ ဆိုးကျိုးများကို ပိုမိုခံစားရသည်။

ယခုကဲ့သို့ သူတစ်ပါး၏ ဆေးလိပ်ငွေ့ရှူရခြင်းကြောင့် ဖြစ်ပေါ် ရသော ကျန်းမာရေးဆိုးကျိုးများမှ ကာကွယ်နိုင်ရန်အတွက် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေတွင် ဆေးလိပ် သောက်ခွင့်မရှိသော နေရာများကို သတ်မှတ်ဖော်ပြထားရှိပြီး ဖြစ်သည်။ အများပြည်သူနှင့်ဆိုင်သော ဆေးရုံ၊ ဆေးခန်း၊ စာသင်ကျောင်းများ၊ ခရီးသည် သယ်ယူပို့ဆောင်သော မော်တော်ယာဉ်နှင့် လေယာဉ်များ၊ လေအေးစက်တပ်ဆင်ထားသော အများပြည်သူသုံး ခန်းမကြီးများ၊ ဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ ဗီဒီယိုရုံနှင့် အခြားပွဲကျင်းပပြသသော အဆောက် အအုံများ၊ ကုန်တိုက်၊ ကုန်ပဒေသာဆိုင်၊ စတိုးဆိုင်၊ အမိုးအကာရှိသော ဈေးရုံများတို့မှာ ဆေးလိပ် လုံးဝသောက်ခွင့်မရှိသော နေရာများဖြစ်သည်။ ဤကဲ့သို့ ဆေးလိပ် လုံးဝသောက်ခွင့်မရှိသော နေရာများကို ပြဋ္ဌာန်း ခြင်းအားဖြင့် ဆေးလိပ်ငွေ့ကြောင့် ဖြစ်ပေါ်ရသော ကျန်းမာရေးဆိုးကျိုး အမျိုးမျိုးအား သိသာစွာ လျော့နည်းကျဆင်းလာစေမည် ဖြစ်သည်။

ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ အခြားဝန်ကြီးဌာနများ အားလုံးနှင့် လူမှုရေးအဖွဲ့အစည်းများက ပြည်သူလူထုအတွင်း ဆေးလိပ် ငွေ့ကင်းစင်သော ပတ်ဝန်းကျင်ကို ဖန်တီးနိုင်ရေးအတွက် အင်တိုက် အားတိုက် ပါဝင်ပူးပေါင်း ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် အပ်ပါသည်။ ။

သူတစ်ပါး၏ဆေးလိပ်ငွေ့ရှူရခြင်းကြောင့် ဖြစ်ပေါ်ရသော ကျန်းမာ ရေးဆိုးကျိုးများမှ ကာကွယ်နိုင်ရန်အတွက် ဆေးလိပ်နှင့် ဆေးရွက်ကြီး ထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေတွင် ဆေးလိပ်သောက်ခွင့် မရှိသော နေရာများကို သတ်မှတ်ဖော်ပြထားရှိပြီးဖြစ်သည်။ အများ ပြည်သူနှင့်ဆိုင်သော ဆေးရုံ၊ ဆေးခန်း၊ စာသင်ကျောင်းများ၊ ခရီးသည် သယ်ယူပို့ဆောင်သော မော်တော်ယာဉ်နှင့် လေယာဉ်များ၊ လေအေး စက် တပ်ဆင်ထားသော အများပြည်သူသုံးခန်းမကြီးများ၊ ဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ ဗီဒီယိုရုံနှင့် အခြားပွဲကျင်းပပြသသော အဆောက်အအုံများ၊ ကုန်တိုက်၊ ကုန်ပဒေသာဆိုင်၊ စတိုးဆိုင်၊ အမိုးအကာရှိသော ဈေးရုံများ တို့မှာ ဆေးလိပ် လုံးဝသောက်ခွင့်မရှိသော နေရာများဖြစ်။

အမေရိကန်ထောက်ခံအားပေးနေသော သူလျှိုလုပ်ငန်းပေါ်ပေါက်မှု အီရန်က ဆွစ်ဇာလန်သံအမတ်ကြီးအား ခေါ်ယူရှုတ်ချ

တီဟီရန် မေ ၂၉

အီရန်နိုင်ငံအတွင်း အမေရိကန်ထောက်ခံအားပေးနေသော သူလျှိုလုပ်ငန်း ပေါ်ပေါက်မှုနှင့်ပတ်သက်၍ အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက အီရန်နိုင်ငံဆိုင်ရာ ဆွစ်ဇာလန် သံအမတ်ကြီးကို တနင်္ဂနွေနေ့တွင် ဆင့်ခေါ်ခဲ့ပြီး ရှုတ်ချပြောကြားခဲ့ကြောင်း အစ္စနာသတင်းဌာနက ဖော်ပြသည်

ဆွစ်ဇာလန်သံရုံးကအီရန်နိုင်ငံတွင် အမေရိကန်၏အကျိုးအတွက် ကိုယ်စားပြုဆောင်ရွက်ပေးလျက်ရှိသည်။အဘယ်ကြောင့်ဆိုသော် အီရန်ကျောင်းသားများက အမေရိကန်ဓားစာခံ ၅၂ဦးကို ၄၄၄ ရက်ကြာဖမ်းဆီးသည့် ကိစ္စဖြစ်ပွားသော ၁၉၈၀ပြည့်နှစ် နောက်ပိုင်းတွင် အမေရိကန်မစ်ရှင်အဖွဲ့ကိုအီရန်မှရုပ်သိမ်းခဲ့သည်။

အမေရိကန်နှင့်၎င်း၏ ထောက်လှမ်းရေးလုပ်ငန်းနှင့် အီရန်နိုင်ငံ၏အရေးကိစ္စများတွင် ရန်လိုစွက်ဖက်မှုအပေါ် အီရန်က အပြင်းအထန် ကန့်ကွက်မှုကြောင့် ဆွစ်ဇာလန်သံအမတ်ကြီးကို ဆင့်ခေါ်ရခြင်း ဖြစ်သည်ဟု အစ္စနာသတင်းဌာနက အီရန်နိုင်ငံခြားရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ် ဆော့ဟာနီကို ကိုးကား၍ ဖော်ပြသည်။

အီရတ်နိုင်ငံရှိ အီရတ်သိမ်းပိုက်သည့် တပ်ဖွဲ့ဝင်များနှင့် အီရတ်အုပ်စုအချို့တို့ ကဖွဲ့စည်းထားသော သူလျှိုလုပ်ငန်းကွန်ရက်များကို အီရန်ထောက်လှမ်းရေးဌာနကတွေ့ရှိထားသည်ဟုစနေနေ့က ပြောကြားခဲ့သည်။***အမ်အင်အေ၊ရိုက်တာ။***

ဗီယက်နမ် ကျောက်မီးသွေးတင်ပို့မှု ယခုနှစ် ပထမငါးလ၌ မြင့်တက်

ဟနွိုင်း မေ ၂၉

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမငါးလတာကာလတွင် အမေရိကန် ဒေါ်လာသန်း ၄၁၀ တန်ဖိုးရှိ ကျောက်မီးသွေးတန်ချိန် ၁၄သန်းခန့် တင်ပို့ရန် ခန့်မှန်းထားကြောင်း၊ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် တန်ဖိုးအားဖြင့် ၁၇ရာခိုင်နှုန်းနှင့် ပမာဏအားဖြင့် ၂၂ရာခိုင်နှုန်း တိုးလာကြောင်း ဒေသဆိုင်ရာ ကုန်သွယ်ရေးဌာနက မေ ၂၅ ရက်တွင် ပြောကြားသည်။

ယခုနှစ်တွင် ကျောက်မီးသွေးအမျိုးအစားမျိုးစုံကို တန်ချိန် သန်း ၂၀ခန့် တင်ပို့ရန် စီစဉ်ထားကြောင်း ကုန်သွယ်ရေး ဝန်ကြီးဌာနအောက်ရှိ ကုန်သွယ်ရေးသတင်းဌာနက ပြောကြားသည်။ ၂၀၀၇ခုနှစ်တွင် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနှင့် ဥရောပသမဂ္ဂနိုင်ငံတို့သို့ အဓိကထားတင်ပို့မည်ဖြစ်သည်။ ယင်းသို့ တင်ပို့ရာတွင် ပြည်တွင်း လိုအပ်ချက်ကို ထိန်းချုပ်ပြီး အရင်းအမြစ် ပေါများသည့် ကျောက်မီးသွေး အမျိုးအစားများကို တင်ပို့မည်။ စွမ်းအင်လိုအပ်လျက်ရှိသည့် ဒေသဆိုင်ရာလုပ်ငန်းများအတွက် စွမ်းအင်လုံလောက်စွာ ရရှိနိုင်ရန် ၂၀၀၆ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်ကြားကာလတွင် ကျောက်မီးသွေးတင်ပို့မှုများကို လျှော့ချသွားရန် မကြာသေးမီက ဗီယက်နမ်နိုင်ငံစီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံရေးဌာနက အစိုးရသို့ ပြောကြားသည်။

ပြီးခဲ့သည့်နှစ်က ဗီယက်နမ်နိုင်ငံသည် ဒေသများနှင့် နိုင်ငံပေါင်း ၂၀ကျော်သို့ အမေရိကန်ဒေါ်လာ ၉၂၇သန်း တန်ဖိုးရှိ ကျောက်မီးသွေးတန်ချိန် ၂၉ဒသမ၈သန်းကို တင်ပို့ခဲ့သည်ဟု အထွေထွေစာရင်းအင်းဌာနက ဖော်ပြသည်။ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ထိုင်း၊မလေးရှား၊ အိန္ဒိယ၊ ဘရာဇီးနှင့် ဥရောပသမဂ္ဂ အဖွဲ့နိုင်ငံတို့သို့ တင်ပို့ရောင်းချခဲ့သည်ဟု ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဒေါ်လာသန်း ၃၅၀ တန်ဖိုးရှိ ဘိန်းဖြူ ရုရှားရဲတပ်ဖွဲ့ ဖမ်းဆီး

မော်စကို မေ ၂၉

ရုရှားရဲတပ်ဖွဲ့က ကာလပေါက်ဈေးအရ အမေရိကန်ဒေါ်လာသန်း ၃၅၀ တန်ဖိုးရှိပြီး အရည်အသွေးကောင်းမွန်သည့်ဘိန်းဖြူကို ဖမ်းဆီးရမိကြောင်း မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဌာနမှ အရာရှိများက သောကြာနေ့တွင် ပြောကြားသည်။

ရဲတပ်ဖွဲ့က ယင်းကိစ္စနှင့်ပတ်သက်၍ စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ခဲ့သည်မှာ ကြာပြီဖြစ်သည်။ ဂေါ်ဖီထုပ်နှင့်ဘိန်းဖြူတင်ဆောင်လာသည့် ထရပ်ယာဉ်တစ်စီးကို ရဲတပ်ဖွဲ့က မော်စကိုမြို့ပြင်တွင် ရပ်တန့်ရှာဖွေရာမှ ဖမ်းဆီးမိခဲ့ခြင်းဖြစ်သည်။ သတ္တုဘူးများတွင် ဘိန်းဖြူ ၄၃၆ကီလိုထည့်ကာ ယင်းဘူးများကို ဓာတ်ဆီတိုင်ကီအတွင်း သို့ဝှက်ထားခဲ့သည်ဟု မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဌာနမှ အရာရှိများ ရိုက်ယူသည့်ဓာတ်ပုံများအရ သိရှိရသည်။

ဖမ်းမိသည့် ဘိန်းဖြူသည် အရည်အသွေးကောင်းမွန်ပြီး အလေးချိန်အားဖြင့် ၆ တန် (၁၃၂၂၈ပေါင်) ခန့်ရှိနိုင်သည်ဟု ဗဟိုမူးယစ်ဆေးဝါးဌာနက ပြောကြားသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ပြည်ပနိုင်ငံသားလေးဦးကို ဖမ်းဆီးထားသည်။

ဘိန်းဖြူမှောင်ခိုရောင်းဝယ်မှုသည် ဆိုးရွားလာခဲ့ကြောင်းရုရှားမှ မူးယစ်ဆေးဝါးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ အဆိုပါ မူးယစ်ဆေးဝါးများကို တာဂျစ်-အာဖဂန်နယ်စပ်ဒေသမှ အာရှအလယ်ပိုင်းဒေသသို့ ဖြတ်သန်းကာ ရုရှား-တူရကီနှင့် အနောက်နိုင်ငံများသို့ မှောင်ခိုထုတ်လာခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

လက်ဘနွန်နိုင်ငံ မြောက်ပိုင်း ထရီပိုလီမြို့ နာအယ်လ်ဘာရက် ဒုက္ခသည်စခန်း၌ တိုက်ပွဲဖြစ်ပွားနေသည်ကို မေ ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သဘာဝဘေးအန္တရာယ်ထိန်းချုပ်မှုဌာနများ အင်ဒိုနီးရှား၌ စတင်တည်ဆောက်လျက်ရှိ

ဂျကာတာ မေ ၂၉

အင်ဒိုနီးရှားအစိုးရသည် သဘာဝဘေးအန္တရာယ်လျော့ပါးရေး ထိန်းချုပ်မှုဌာနများကို ဂျကာတာမြို့၊ အနောက်ဆူမားတြားပြည်နယ်နှင့်အာချေးပြည်နယ် တို့တွင်စတင် အကောင်အထည်ဖော်တည်ဆောက်နေပြီဖြစ်ကြောင်း၊ ယင်းဌာနများကို ပြင်သစ်အစိုးရ၏ အကူအအညီဖြင့်တည်ဆောက်ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

အဆိုပါပြည်နယ်များမှာသဘာဝဘေးအန္တရာယ်များ အထူးသဖြင့် မြေငလျင်နှင့် ဆူနာမီရေလှိုင်းတို့၏ခြိမ်းခြောက်မှု အန္တရာယ် အများဆုံးရှိသည့်နေရာများဖြစ်ကြောင်း အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် ဂျကာတာပို့စ်သတင်းစာက ဖော်ပြသည်။ ဂျကာတာမြို့၌ မေ ၂၅ ရက်တွင် စတင်တည်ဆောက်ခဲ့ကြောင်း၊ အနောက်ဆူမားတြားပြည်နယ် ပါဒန်မြို့၌ ဇွန်၁၈ရက်တွင် စတင်တည်ဆောက်မည်ဖြစ်ပြီး အာချေးပြည်နယ် ဘန်ဒါအာချေး မြို့၌လည်းမကြာမီစတင်တည်ဆောက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အရှေ့အလယ်ပိုင်းဒေသ ဂါဇာအရပ်ရှိ ဟားမတ်တပ်ဖွဲ့များ၏စခန်းကို အစ္စရေးတို့က လေကြောင်းမှ တိုက်ခိုက်ပြီးနောက် အပျက်အစီးများကို မေ ၂၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

စပိန်အလယ်ပိုင်း၌ ရေလွှမ်း သီးနှံစိုက်ခင်းများ ပျက်စီး

မဒရစ် မေ ၂၉

စပိန်နိုင်ငံအလယ်ပိုင်းဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် လမ်းများရေလွှမ်းပြီး သီးနှံစိုက်ခင်းများ ပျက်စီးခဲ့ရကြောင်း တနင်္လာနေ့သတင်းများတွင် ဖော်ပြသည်။

ရေလွှမ်းမိုးမှု အဆိုးရွားဆုံးခံရသည့်ဒေသမှာ ဘတ်စကီလာ လာမန်ချာဖြစ်ပြီး စပျစ်ခြံနှင့် သီးနှံအပါအဝင် သီးနှံစိုက်ခင်း ဟက်တာ ၄၀၀၀၀၀ ခန့် ပျက်စီးခဲ့ရသည်။

ရေလွှမ်းမိုးမှုကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် ယူရိုသန်း ၂၅၀ (ဒေါ်လာ ၃၃၇ဒသမ ၅သန်းခန့်) ဆုံးရှုံးရသည်ဟု ဆိုသည်။ အယ်လ်ကာဇာဒီဆန်ဂျူဘန်ဒေသတွင် အိမ်ခြေ ၂၅၀၀မှ ၂၀၀၀ အထိ ရေလွှမ်းမိုးခံရမှုကြောင့် လူ ၄၀၀ခန့်သည် အိုးပစ်အိမ်ပစ် ထွက်ပြေးခဲ့ကြရသည်။

မဒရစ်မြို့တော်နှင့် မြေထဲပင်လယ်ဒေသရှိ အထင်ကရ ကမ်းခြေမြို့များအတွင်း ရထားခရီးစဉ်များ ရပ်ဆိုင်းခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အယ်လ်ဂျီးရီးယားမှ သေနတ်သမားများက အီဂျစ်အင်ဂျင်နီယာတစ်ဦးကို ပြန်ပေးဆွဲ

အယ်လ်ဂျီးရီးယား မေ ၃၀

ရဲတပ်ဖွဲ့ဝင်ဟန်ဆောင်ထားသည့် သေနတ်သမားများက အယ်လ်ဂျီရီးယားနိုင်ငံမှ နိုင်ငံရေးအရ တည်ငြိမ်မှုမရှိသော ကာဘီလိုင်ဒေသရှိ အီဂျစ်အင်ဂျင်နီယာတစ်ဦးကို ပြန်ပေးဆွဲခဲ့ကြောင်း လုံခြုံရေးဆိုင်ရာသတင်းရပ်ကွက်က အင်္ဂါနေ့တွင် ပြောကြားသည်။

အယ်လ်ဂျီးရီးယားနိုင်ငံ၊ အယ်လ်ဂျီးရီးယားစ်ဒေသ၏ အရှေ့ဘက်ကီလိုမီတာ ၁၀၀ခန့်ရှိ တီဇီကူဇူမြို့အနီး သာလာအလစ်ခရိုင်ရှိအိမ်မှအီဂျစ်အင်ဂျင်နီယာကို ရဲဝတ်စုံဝတ် သေနတ်သမားသုံးဦးက တနင်္ဂနွေနေ့ ညနေပိုင်းက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြပါသတင်းရပ်ကွက်က ပြောကြားသည်။

ကလေးငယ်များအပါအဝင် အယ်လ်ဂျီးရီးယားနိုင်ငံသူ၊နိုင်ငံသားများကို ပြန်ပေးဆွဲသည့်အမှုသည် တီဇီကူဇူဒေသတွင် ဆန်းပြားသည့် ဖြစ်ရပ်မဟုတ်တော့ပေ။ ပြန်ပေးဆွဲသည့်လုပ်ငန်းများကို ရာဇဝတ်ဂိုဏ်းသားများ သို့တည်းမဟုတ် အစ္စလာမ္မစ်တိုက်ခိုက်ရေးသမားများက ခြိမ်းခြောက်ငွေတောင်းရန်အတွက် ပြုလုပ်နေခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ပြည်ပနိုင်ငံသားများကို ပြန်ပေးဆွဲမှုသည် ရှာမှရှားသည့်ဖြစ်ရပ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လုံခြုံရေးအခြေအနေမကောင်းသဖြင့် ပြည်ပနိုင်ငံသားများသည် တောင်ထူထပ်ရာကာဘီလီတွင် အခြေစိုက်နေကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ချန်ဒူးမြို့ရှိ ဇာတ်ရုံ၌ အနုပညာသည်များ ကပွဲမစမီ ရုပ်သေးရုပ်များအား ပြင်ဆင်နေကြသည်ကို မေ ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲပြီးနောက် အဆောက်အအုံတစ်ခု မီးလောင်နေသည်ကို မေ ၂၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ အစီရင်ခံစာ ကမ္ဘောဒီးယားအစိုးရ ပယ်ချ

ဖနောင်ပင် မေ ၂၉

နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာသည် ကမ္ဘောဒီးယားနိုင်ငံ၏ ပကတိလက်တွေ့အခြေအနေကို တလွဲတချော် ချဲ့ကားဖော်ပြထားပြီး ဆန့်ကျင်သည့် သဘောထားဖြင့် အရေခြုံဖော်ပြမှုသာဖြစ်သည်ဟု ကမ္ဘောဒီးယားအစိုးရ အဆင့်မြင့်တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက အပြင်းအထန် တုံ့ပြန်ပြောကြားကာ ပယ်ချလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းစာက တနင်္လာနေ့တွင် ရေးသားသည်။

အရောင်ဆိုး

ကမ္ဘောဒီးယားနိုင်ငံနှင့် ပတ်သက်သည့် အဆိုပါ အစီရင်ခံစာ ပြုစုရေးသားသူများသည် နိုင်ငံရေးဆန်ပြီး ပကတိအခြေအနေအပေါ် မူတည်ရေးသားခြင်းမရှိဘဲ နိုင်ငံရေးဖြင့်အရောင်ဆိုး ဖော်ပြခြင်းသာဖြစ်သည်ဟု ကမ္ဘောဒီးယားအစိုးရ လူ့အခွင့်အရေးကော်မတီ ဥက္ကဋ္ဌ အွမ်ယန်တီကို ကိုးကား၍ ဆမ်လန်ယူဗက်ချွန်ခမာအမည်ရှိ သတင်းစာက ရေးသားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တူရကီတွင် ရေလွှမ်းမိုး၊ ခုနစ်ဦးသေဆုံး

အန်ကာရာ မေ ၂၉

တူရကီနိုင်ငံအရှေ့ပိုင်းတွင် မေ ၂၇ ရက်က ရေလွှမ်းမိုးမှုဖြစ်ပွားရာ ခုနစ်ဦးသေဆုံးပြီး သုံးဦးပျောက်ဆုံးလျက်ရှိကြောင်း အနာတိုလီယာသတင်းဌာနက မေ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အဂ္ဂရီပြည်နယ်တွင် မေ ၂၇ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူ ၁၀ ဦး ရေစီးနှင့်အတူ မျောပါသွားကြောင်း သတင်းတွင် ဖော်ပြသည်။ ကလေးသုံးဦး အပါအဝင် ရွာသားငါးဦး သေဆုံးခဲ့ကြောင်း၊ အစောပိုင်းရက်က သေဆုံးသူနှစ်ဦးအပါအဝင် သေဆုံးသူခုနစ်ဦးရှိပြီဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ရေလွှမ်းမိုးမှုကြောင့် နေအိမ် ၁၅၀ ကျော် ပျက်စီးခဲ့ကြောင်း၊ ပျောက်ဆုံးနေသူသုံးဦးကိုလည်း ရှာဖွေလျက်ရှိကြောင်း အဂ္ဂရီပြည်နယ် အုပ်ချုပ်ရေးမှူး ဟာလီအိုင်ဘရာဟမ်အာကီနာက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကြက်ငှက်တုပ်ကွေးအန္တရာယ် ကျရောက်နိုင်မှု ဘင်္ဂလားဒေ့ရှ် သတိပြုရန် အက်ဖ်အေအို ပြောကြား

ဗန်ကောက် မေ ၂၉

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကြက်ငှက်တုပ်ကွေးရောဂါ ဘေးအန္တရာယ်ကို ဆက်လက်သတိထားရန် လိုအပ်ကြောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုး ရေးအဖွဲ့ (အက်ဖ်အေအို) က မေ ၂၉ ရက်တွင် ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မကြာသေးမီက ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက် ပြန့်ပွားခဲ့ကြောင်း၊ အစိုးရနှင့် တိရစ္ဆာန် ဆေးဝါးကုသရေး အာဏာပိုင်များက ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်နိုင်စေမည့် အစီအစဉ်များကို ချက်ချင်းအရေးယူ ဆောင်ရွက်ခဲ့ကြောင်း၊ သို့ရာတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်စ်သည် အင်အားစုစည်းကာ ထပ်မံခြိမ်းခြောက်မှုဖြစ်ပေါ်လာနိုင်ခြင်းကြောင့် ကြက်ငှက်တုပ်ကွေးရောဂါ ဘေးအန္တရာယ်ကို ဆက်လက်၍ အလေးထားရန် လိုအပ်မည် ဖြစ်ကြောင်း အက်ဖ်အေအို တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဖေဖော်ဝါရီလအတွင်းက ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့သည်။ နိုင်ငံ၏ခရိုင် ၆၄ ခရိုင်အနက် ၁၁ ခရိုင်တွင် ကြက်ငှက် တုပ်ကွေးရောဂါ ဗိုင်းရပ်စ် ကူးစက်ခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကြက်ငှက်များနှင့် လူများ ကြက်ငှက်တုပ်ကွေးရောဂါ ဘေးအန္တရာယ် ဆက်လက်ရှိနေဆဲဖြစ်ကြောင်း အက်ဖ်အေအိုက ပြောကြားသည်။ ကမ္ဘာတစ်ဝန်းတွင် ကြက်ငှက်တုပ်ကွေးရောဂါကြောင့် လူပေါင်း ၂၀၀ ထက်မနည်း သေဆုံးခဲ့ရသည်။ ကြက်ငှက်တုပ်ကွေးရောဂါအများဆုံးဖြစ်ပွားရာ ကမ္ဘာ့ဒေသမှာ အရှေ့တောင်အာရှ ဖြစ်သည်။

အင်တာနက်။

ဂျပန်နိုင်ငံ တိုကျိုမြို့ အီလက်ထရွန်နစ် ပစ္စည်းအရောင်းဆိုင်တွင် ပြသထားသည့် တိုရှီဘာကုမ္ပဏီထုတ် လက်ပ်တော့ပ် ကွန်ပျူတာများကို မေ ၂၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကန်စစ်လေယာဉ်များ လေပိုင်နက်ကို ကျူးကျော်မှု တူရကီသတိပေး

အင်ကာရာ မေ ၃၀

ပြီးခဲ့သော သီတင်းပတ်အတွင်းက အမေရိကန်အက်ဖ်–၁၆ တိုက်လေယာဉ်နှစ်စင်းသည် အီရတ်နိုင်ငံ နယ်စပ်အနီး၌ တူရကီနိုင်ငံလေကြောင်း ပိုင်နက်အတွင်း ဝင်ရောက်ပျံသန်းခဲ့သည်။ ထိုကိစ္စရပ်မျိုး နောက်တစ်ကြိမ်ထပ်မံ ကျူးလွန်ခြင်းမပြုလုပ်ရန် တူရကီနိုင်ငံက အမေရိကန်နိုင်ငံသို့ သံတမန်ထုံးစံနှင့်အညီ မေ ၂၉ ရက်က သတိပေးမှုတစ်ရပ် ပြုလုပ်ခဲ့သည်။

အဆိုပါအဖြစ်အပျက်ကြောင့် နေတိုးစစ်စာချုပ်အဖွဲ့နှင့် တူရကီနိုင်ငံတို့အကြားတွင် ဆက်ဆံရေး တင်းမာမှုများ ဖြစ်ပွားခဲ့သည်ဟု ဆိုသည်။

၎င်းအဖြစ်အပျက်နှင့် ပတ်သက်သော သတင်းအချက်အလက် အပြည့်အစုံကို တူရကီအာဏာပိုင်များက စစ်ဘက်မှ ရယူပြီးနောက် လိုအပ်သော သံတမန်ဆိုင်ရာ အရေးယူမှုများကို ဆောင်ရွက်ခဲ့သည်ဟု တူရကီနိုင်ငံခြားရေးဌာန ကြေညာချက်တွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဂါဇာကို အစ္စရေးက လေကြောင်းမှတိုက်ခိုက်မှု အလွန်အမင်းတုံ့ပြန်မှုဟု ကုလပြောကြား

ဂျီနီဗာ မေ ၃၀

ဂါဇာကမ်းမြောင်ဒေသ၌ မေ ၂၉ ရက်က အစ္စရေးတို့ပြုလုပ်သော လေကြောင်းတိုက်ခိုက်မှုသည် တစ်ဖက်ကပြုလုပ်သည့် တိုက်ခိုက်မှုနှင့် မမျှတလောက်အောင် ကြီးမားသောအင်အားဖြင့် အလွန်အမင်းတုံ့ပြန်သည့် လုပ်ဆောင်မှုဖြစ်သည့်အပြင် အပြည်ပြည်ဆိုင်ရာဥပဒေကိုလည်း ချိုးဖောက်ခြင်းဖြစ်သည်ဟု ကုလသမဂ္ဂလူ့အခွင့်အရေးစုံစမ်းသူက ပြောကြားသည်။

အဆိုပါမှတ်ချက်ကိုပြောကြားသူမှာ ပါလက်စတိုင်းနယ်မြေအတွင်း ရောက်ရှိနေသည့်ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ လေ့လာသူ ဂျွန်ဒူဂါဖြစ်သည်။ ပါလက်စတိုင်းတို့ကလည်း အရပ်ဘက်ပစ်မှတ်နှင့် စစ်ဘက်ပစ်မှတ် မခွဲခြားဘဲ ဒုံးကျည်များဖြင့် အစ္စရေးတို့၏ဆာဒါရောက်မြို့တွင်းသို့ ပစ်ခတ်ခဲ့ကြသည့်လုပ်ရပ်မှာလည်း တရားမဝင်သောလုပ်ရပ်ပင်ဖြစ်ကြောင်း၎င်းကပြောကြားသည်။***အမ်အင်အေ၊ရိုက်တာ။***

နောက်ဆုံးပေါ် မိုဘိုင်းလ်ဖုန်းများ ဗိုင်းရပ်စ်ကာကွယ်ရန် လိုအပ်

ဘွန်း မေ ၂၉

ကမ္ဘာ့နောက်ဆုံးပေါ် မိုဘိုင်းလ်ဖုန်းများသည် ကွန်ပျူတာများနည်းတူ အီးမေးလ်ပို့ခြင်းနှင့် အင်တာနက် ဝက်ဘ်ဆိုက်များ ကြည့်ရှုနိုင်ခြင်းတို့ကြောင့် ကွန်ပျူတာဗိုင်းရပ်စ်ကာကွယ်ပေးရန် လိုအပ်ကြောင်း ဂျာမနီနိုင်ငံ ဘွန်းမြို့ရှိ သုတေသီတစ်ဦးက မေ ၂၉ ရက်တွင် ပြောကြားသည်။

ယခုအခါ Com Warrior ကဲ့သို့သော ကွန်ပျူတာဗိုင်းရပ်စ်ပိုးသစ်များ ပေါ်ပေါက်လာနေကြောင်း၊ ဗိုင်းရပ်စ်ထုတ်လုပ်သည့် နည်းပညာမှာ အဆင့်အတန်း မြင့်လာခြင်းကြောင့် ဗိုင်းရပ်စ်ပိုးဝင်ရောက်မှုကို အလွယ်တကူ စုံစမ်းဖော်ထုတ်နိုင်မည် မဟုတ်ကြောင်း ကွန်ပျူတာဆော့ဖ်ဝဲ ထုတ်လုပ်သော ဆိုးဖော့စ်ကုမ္ပဏီမှ သိပ္ပံပညာရှင် ခရစ္စတိုဖာဟာဒီက ပြောကြားသည်။

ယခုလောလောဆယ်တွင်မိုဘိုင်းလ်ဖုန်းများအတွက် ဗိုင်းရပ်စ်ဘေးအန္တရာယ်မှာ ကြီးမားခြင်း မရှိကြောင်း၊ သို့ရာတွင် စမတ်ဖုန်းများ သုံးစွဲမှုနှင့် မိုဘိုင်းလ်အင်တာနက်သုံးစွဲမှု တိုးတက်လာခြင်းတို့ကြောင့် နောင်တွင် မိုဘိုင်းလ်ဖုန်းများအတွက် ကွန်ပျူတာဗိုင်းရပ်စ်ကာကွယ်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း ခရစ္စတိုဖာက ပြောကြားသည်။ ***အင်တာနက်။***

တရုတ်နိုင်ငံ ဝူဟန်မြို့မှ ကျွမ်းဘားပညာရှင်များ ဂျော်ဒန်နိုင်ငံ အမ္မန်မြို့တွင် တင်ဆက်ဖျော်ဖြေနေကြသည်ကို မေ ၂၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

နိုင်ငံခြားသားသုံးဦး ဘဂ္ဂဒက်တွင် ပြန်ပေးဆွဲခံရ

ဘဂ္ဂဒက် မေ ၃၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဘဏ္ဍာရေးဝန်ကြီးဌာန အဆောက်အအုံတွင် နိုင်ငံခြားသားကထိကသုံးဦးကို ရဲဝတ်စုံဝတ်ဆင်ထားသော သေနတ်သမားများက မေ ၂၉ ရက်တွင် ဖမ်းဆီးခေါ်ဆောင်သွားသည်ကို မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

၎င်းဂျာမနီနိုင်ငံသားသုံးဦးကို ဘဏ္ဍာရေးဝန်ကြီးဌာနရှေ့တွင် ရပ်ထားသောကားအတွင်းမှ ခေါ်ထုတ်သွားခြင်းဖြစ်ကြောင်း၊ ၎င်းတို့နှင့်အတူရှိနေသည်ဆိုသော လုံခြုံရေးအစောင့်များ၏သတင်းကို မိမိတို့မသိရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ စတုတ္ထနိုင်ငံခြားသားတစ်ဦးမှာ အဖမ်းခံရသူများနှင့်အတူမရှိဘဲ သီးခြားနေရာတွင်ရောက်နေသဖြင့် သေနတ်သမားများဘေးမှ လွတ်မြောက်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးကဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

မြန်မာနိုင်ငံသည် လက်ရှိကျန်းမာရေးသတင်းစနစ်ကိုသုံးသပ်ပြီး ပိုမိုထိရောက်အောင် နီးနွှယ်သောဝန်ကြီးဌာနများနှင့်အတူ ပူးပေါင်း၍ မြှင့်တင်ဆောင်ရွက်လျက်ရှိ

ဝန်ကြီးဒေါက်တာကျော်မြင့်အကြိမ်(၆၀)မြောက်ကမ္ဘာ့ကျန်းမာရေးညီလာခံ၌ မိန့်ခွန်းပြောကြား

အမှာစကားပြောကြား

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပသည့် အကြိမ် (၆၀)မြောက် ကမ္ဘာ့ကျန်းမာရေး ညီလာခံတွင် အမှာစကားပြောကြားစဉ်။

(ကျန်းမာရေး)

နေပြည်တော် မေ ၃၀

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ မေ၁၄ရက်မှ ၁၈ရက်အထိ ကျင်းပသော အကြိမ်(၆၀)မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံသို့ တက်ရောက်ခဲ့သည်။

ဝန်ကြီး ဒေါက်တာကျော်မြင့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၁၄ရက် နံနက်ပိုင်းတွင် ဆွစ်ဇာလန်နိုင်ငံဂျီနီဗာမြို့ရှိ Palais des Nations ၌ကျင်းပသည့် အကြိမ်(၆၀)မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် (၅၉)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေး ညီလာခံသဘာပတိ မိုဇမ်ဘစ်နိုင်ငံ ကျန်းမာရေးဝန်ကြီး H.E Professor, Paulo Ivo Garrido က ဖွင့်လှစ်ခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင်ဂျီနီဗာမြို့တော်ဝန်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တောင်အာဖရိကနိုင်ငံက နှုတ်ခွန်းဆက်သီချင်းဖြင့် ကြိုဆိုသည်။

ယင်းနောက် အကြိမ်(၆၀)မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံ သဘာပတိအဖြစ် ဩစတြေးလျနိုင်ငံ ကျန်းမာရေးနှင့် သက်ကြီးရွယ်အိုများဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီး H.E Ms. J. Halton အား ရွေးချယ်တင်မြှောက်၍ အမှုဆောင်ရာထူးများအတွက် ညီလာခံ ဒုတိယသဘာပတိငါးနေရာနှင့် ကော်မတီ "အေ"၊ ကော်မတီ"ဘီ"ဥက္ကဋ္ဌများအား ရွေးချယ်တင်မြှောက်သည်။

ထို့နောက် ဝန်ကြီး ဒေါက်တာကျော်မြင့်သည် မွန်းလွဲပိုင်းတွင် ကမ္ဘာ့ကျန်းမာရေး အဖွဲ့ချုပ်ရုံးရှိ တီဘီရောဂါတိုက်ဖျက်ရေးဌာန၌ တီဘီရောဂါတိုက်ဖျက်ရေး ညွှန်ကြားရေးမှူး Dr. Mario Raviglione၊ တီဘီ၊ ငှက်ဖျား၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးဌာန စီမံခန့်ခွဲရေးအတွင်းရေးမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် တီဘီရောဂါတိုက်ဖျက်ရေးအတွက် ပြည်သူလူထုအား ကျယ်ကျယ်ပြန့်ပြန့် ပညာပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ပြည်တွင်း ပြည်ပရှိ အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့ရန်ပုံငွေ (Global Fund) ထောက်ပံ့မှုရပ်ဆိုင်းပြီးနောက် တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းများကို ရောဂါကြီး(သုံး)မျိုးရန်ပုံငွေ (Three Diseases Fund) ဖြင့် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း၊ တီဘီဆေးဝါးများကို Global Drug Facility အထောက် အပံ့ဖြင့် ရရှိလျက်ရှိကြောင်းနှင့် ဆေးယဉ်ပါးသော တီဘီရောဂါပိုးများ ဖြစ်မလာအောင် ထိန်းသိမ်းကာကွယ်ရန် ကိစ္စများကို ဆွေးနွေးညှိနှိုင်းသည်။

ယင်းနောက် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ရန်ပုံငွေ (Global Fund) ရရှိရန် အခွင့်အလမ်းများရှိကြောင်း တီဘီရောဂါတိုက်ဖျက်ရေး ညွှန်ကြားရေးမှူးက ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဒေါက်တာကျော်မြင့်သည် အဖွဲ့ဝင်များလိုက်ပါလျက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံး တိုင်းရင်းဆေးဌာန ညှိနှိုင်းရေးမှူး Dr. Hiarua Zhang အားတွေ့ဆုံ၍ မြန်မာနိုင်ငံ တိုင်းရင်းဆေးတက္ကသိုလ်မှ ပထမအသုတ်ဘွဲ့ရကျောင်းသားများအား မွေးထုတ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဆေးတက္ကသိုလ် တတိယနှစ် အမ်ဘီဘီအက်စ် သင်ရိုးညွှန်းတမ်း၌လည်း တိုင်းရင်းဆေးဘာသာရပ်ကို ထည့်သွင်းသင်ကြားပေးလျက်ရှိကြောင်း၊ ဆေးပညာမဟာသိပ္ပံ(မေ့ဆေး)ဘွဲ့လွန်ဘာသာရပ်တွင် အပ်စိုက်ဆေးကုပညာရပ်ကို ထည့်သွင်းသင်ကြားပေးနေကြောင်း၊ ယင်းကိစ္စရပ်များကို မြန်မာနိုင်ငံက ဦးစွာဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနချုပ် တိုင်းရင်းဆေးဌာနမှ မှတ်တမ်းတင်ပေးရန်ပြောကြားခဲ့ပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းသည်။

အကြိမ်(၆၀)မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံကို မေ ၁၅ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Dr. Margret Chan က အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးဒေါက်တာကျော်မြင့်သည် မွန်းလွဲပိုင်းတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနချုပ်ရှိ NTD (Neglected Tropical Diseases) ဌာန ညွှန်ကြားရေးမှူး Dr. L.Savioli နှင့် NTD စီမံချက်မန်နေဂျာ Dr. Denis Daumerieတို့နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်မှု၊ မြန်မာနိုင်ငံ၌ စစ်စတိုဆိုမီရေးဆစ်(စ်) (Schitosomeasis) ရောဂါ၊ ကုလာအာဇာ (Kalaarzar)ရောဂါများကူးစက်မှုရှိ၊ မရှိ သိရှိရန်လိုအပ်မှုတို့ကို ဆွေးနွေးပြောကြားရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများက လိုအပ်သော ကျွမ်းကျင်မှုဆိုင်ရာပံ့ပိုးကူညီဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ အနာကြီးရောဂါပပျောက်ရေးကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့မှုအတွက် ဂုဏ်ယူပါကြောင်းနှင့် ဆင်ခြေထောက်ရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် လိုအပ်သော ရန်ပုံငွေကို ရှာဖွေပေးနိုင်ရန်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ညနေ ၅နာရီတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်ရုံး၌ကျင်းပသည့် မဲခေါင်ဒေသကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင်ကျင်းပသည့် အကြိမ်(၆၀) မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံသို့ တက်ရောက်စဉ်။

(ကျန်းမာရေး)

နိုင်ငံတို့မှ ကျန်းမာရေးဝန်ကြီးများနှင့်အတူ တက်ရောက်၍ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည်။

ယင်းလက်မှတ်ရေးထိုးပွဲသို့ ရန်ပုံငွေထောက်ပံ့ပေးမည့် Rockefeller Foundation မှ ညွှန်ကြားရေးမှူးနှင့် အရှေ့တောင်အာရှနှင့် အနောက်ပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ညွှန်ကြားရေးမှူးများ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ကြသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညီလာခံကို မေ ၁၆ရက်တွင် Palais des Nations ခန်းမ၌ ဆက်လက်ကျင်းပရာ ညီလာခံသို့ တက်ရောက်လာကြသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင် နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများက ညီလာခံ၏ ဆောင်ပုဒ်ဖြစ်သော International Health Security Invest in Health,Build a Safer Future အပေါ် သက်ဆိုင်ရာနိုင်ငံများအလိုက် မူဝါဒမိန့်ခွန်းများ ပြောကြားခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့်လက်ရှိကျန်းမာရေးသတင်းစနစ်ကို သုံးသပ်ပြီး ပိုမိုထိရောက်မှုရှိအောင် နီးနွှယ်သော ဝန်ကြီးဌာနများနှင့်အတူ ပူးပေါင်း၍ မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆေးဝါးများကို သတ်မှတ်ချက်နှင့်အညီ အသုံးပြုရေး တင်ပြချက်ကို ကြိုဆိုကြောင်း၊ မြန်မာနိုင်ငံတွင် ပိုလီယိုရောဂါ လုံးဝပပျောက်ရေး လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကူးစက်တတ်သော ရောဂါများဖြစ်သည့် ငှက်ဖျား၊ တီဘီ၊ ကြက်ငှက်တုပ်ကွေး အစရှိသော ရောဂါများနှင့် သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် မကူးစက်တတ်သော ရောဂါများကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကိုလည်း ကြိုဆိုထောက်ခံပါကြောင်း။

နိုင်ငံတကာနှင့် အရှေ့တောင်အာရှဒေသတွင် နိုင်ငံများ၏ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများတွင် မြန်မာနိုင်ငံက တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း International Health Regulation-2005 သည် ယခုနှစ် ဇွန်လမှစ၍ အာဏာသက်ရောက်မှုရှိလာမည်ဖြစ်၍ တစ်နိုင်ငံမှ တစ်နိုင်ငံကူးစက်ရောဂါများပြန့်ပွားမှုကို ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် ကျန်းမာရေး လုံခြုံစိတ်ချမှု ရှိလာနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက်ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ကော်မတီ "အေ" အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ဆက်လက်၍ ဝန်ကြီးဒေါက်တာကျော်မြင့်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ Mediun-term Strategic Plan 2008-2013 နှင့် Proposed Programme Budget 2008-2009 နှင့် ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံများ၏ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ယင်းနောက် ဝန်ကြီးသည် Palais des Nations အဆောက်အအုံ အစည်းအဝေးခန်းမ VIII ၌ ကျင်းပသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ အဖွဲ့ဝင်နိုင်ငံများ၏ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ယင်းအစည်းအဝေး၌ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးနှင့် ပတ်သက်၍ အင်ဒိုနီးရှားသမ္မတနိုင်ငံက တင်သွင်းရန်ရှိသည့်အဆိုပြုချက်မူကြမ်းကို အတည်ပြုနိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများက ညှိနှိုင်းဆွေးနွေးကြသည်။

ဝန်ကြီးဒေါက်တာကျော်မြင့်သည် မေ ၁၇ရက် နံနက်ပိုင်းတွင် ကုလသမဂ္ဂ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးအဖွဲ့ဌာနချုပ်၌ Country and Regional Support Department မှ ညွှန်ကြားရေးမှူး Mr. Michel Sidibe နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးရာ ညွှန်ကြားရေးမှူး Mr. Michel Sidibe က မြန်မာနိုင်ငံ၌ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ၊ ကာလသားရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို ရရှိထားသော ရန်ပုံငွေဖြင့် ထိရောက်စွာ ဆောင်ရွက်လျက်ရှိသည့်အပြင် ရောဂါဖြစ်ပွားနှုန်းများလည်း ကျဆင်းလျက်ရှိသည်ကို တွေ့ရှိရသဖြင့် ဂုဏ်ယူပါကြောင်း၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ အတွက် ကမ္ဘာ့ရန်ပုံငွေ (Global Fund) ရရှိရေးအတွက် အခွင့်အလမ်းများရှိကြောင်းနှင့် လိုအပ်သည်များကို ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး ဝန်ကြီးက ခုခံအားကျဆင်းမှု ကူးစက်ရောဂါအတွက်သာမက တီဘီရောဂါ၊ ငှက်ဖျားရောဂါ တိုက်ဖျက်ရေး လုပ်ငန်းများအတွက်ပါ အဆိုပြုလွှာ တင်သွင်းမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးဒေါက်တာကျော်မြင့်သည် ဂျပန်နိုင်ငံ Nippon Foundation ဥက္ကဋ္ဌ Mr. Sasakawaနှင့် တွေ့ဆုံရာ ဝန်ကြီးက အနာကြီးရောဂါ ကင်းဝေးရေးအတွက် ပံ့ပိုးကူညီခဲ့သည်ကို ကျေးဇူးတင်ကြောင်းနှင့် ဆက်လက်ပံ့ပိုးသွားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် Mr. Sasakawa က ကျေးရွာနေ ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုအတွက် တိုင်းရင်းဆေးဝါးများပါဝင်သည့် ရှေးဦးပြုစုမှုဆေးပုံးများကို ကျေးရွာများသို့ ဖြန့်ဖြူးနိုင်ရေးအတွက် ရန်ပုံငွေများထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းဆေးပညာရပ်များဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် လေ့ကျင့်သင်ကြားရေးလုပ်ငန်းများနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် နှစ်ဦးနှစ်ဖက်နားလည်မှု စာချွန်လွှာ (MoU) လက်မှတ်ရေးထိုး ဆောင်ရွက်သွားလိုပါကြောင်းဖြင့် ညှိနှိုင်းပြောကြားခဲ့ကြသည်။

ယင်းနောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဂျီနီဗာမြို့ ကုလသမဂ္ဂ အဆောက်အအုံရှိ ပိုလီယိုရောဂါလုံးဝပပျောက်ရေးဌာန၌ လက်ထောက်ညွှန်ကြားရေးမှူးချုပ် Dr. David Haymann နှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ မြန်မာနိုင်ငံ ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ပိုလီယိုအရိုင်းပိုး တွေ့ရှိမှုနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးတင်ပြရာ Dr. David Haymann က ပိုလီယိုအရိုင်းပိုးတွေ့ရှိမှုအပေါ် ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်မှုကို ဂုဏ်ယူကြောင်း၊ မေလနှင့် ဇွန်လများအတွင်း ဆောင်ရွက်သွားမည့် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရေးအတွက် ရန်ပုံငွေ ထောက်ပံ့သွားမည်ဖြစ်ကြောင်း၊ ၂၀၀၇ခုနှစ် ဒီဇင်ဘာလအတွင်း ဆောင်ရွက်မည့် တစ်နိုင်ငံလုံးအသက် (၅)နှစ်အောက်ကလေးများ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးရေးအတွက်လည်း ရန်ပုံငွေရရှိရေးကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ညနေ ၅နာရီတွင် Palais des Nationsခန်းမ၌ ပြုလုပ်သည့် Leon Bernard Foundation ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ယင်းဆုကို မြန်မာနိုင်ငံ ဆေးသုတေသန ဦးစီးဌာန (အောက်မြန်မာပြည်)မှ အငြိမ်းစားပုဂ္ဂိုလ် ဒေါက်တာသန်းထွန်းစိန်က ပြည်သူ့ကျန်းမာရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သဖြင့် ဆုချီးမြှင့်ခြင်းခံရခြင်းဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ➪

ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် မေ ၃၀

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ မေ ၂၂ရက်မှ ၂၄ရက်အထိ ကျင်းပခဲ့သော ဒေသတွင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေး နားလည်မှုစာချွန်လွှာ ချောက်နိုင်ငံ အဆင့်မြင့်အရာရှိများအစည်းအဝေးနှင့် မေ ၂၅ရက်တွင် ကျင်းပခဲ့သော ဝန်ကြီးအဆင့်အစည်းအဝေးတို့သို့ တက်ရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

ဝန်ကြီးဗိုလ်ချုပ်မောင်ဦး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပသော ဒေသတွင်း မူးယစ်ဆေးဝါး ထိန်းချုပ်ရေး နားလည်မှုစာချွန်လွှာ ချောက်နိုင်ငံ အဆင့်မြင့်အရာရှိများ အစည်းအဝေးနှင့် ဝန်ကြီးအဆင့် အစည်းအဝေးတို့သို့ တက်ရောက်ခဲ့ပြီး လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာရာ ကြိုဆို နှုတ်ဆက်သူများနှင့်အတူတွေ့ရစဉ်။ (သတင်းစဉ်)

➪ စာမျက်နှာ ၆ မှ

ယင်းနောက် ဒေါက်တာသန်းထွန်းစိန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဆုရရှိသူများက စုပေါင်း၍ ဓာတ်ပုံရိုက်ကြသည်။

ဝန်ကြီး ဒေါက်တာကျော်မြင့်သည် မေ ၁၈ ရက်တွင် ဂျီနီဗာမြို့ ကုလသမဂ္ဂအဆောက်အအုံ အခန်း(၁၉)၌ ကျင်းပသည့် ကော်မတီ "အေ" အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် အရက်သောက်ခြင်းကြောင့် နောက်ဆက်တွဲဖြစ်ပွားလာနိုင်သည့် ကျန်းမာရေးပြဿနာများ၊ ၂၀၀၈–၂၀၁၃ ခုနှစ် ကာလအတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဦးစားပေးဆောင်ရွက်သွားမည့် ကျန်းမာရေးပြဿနာများအကြောင်းနှင့် ၂၀၀၈–၂၀၀၉ ခုနှစ် ကာလအတွင်း ဆောင်ရွက်သွားမည့် ကျန်းမာရေးစီမံကိန်းများအတွက် ရန်ပုံငွေလျာထားဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးကြသည်။

ထို့နောက် ကော်မတီ "အေ" အစည်းအဝေးကို မွန်းလွဲပိုင်းတွင် အခန်း(၁၈)၌ ဆက်လက်ကျင်းပရာ Leishnaniasis ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများအကြောင်း၊ ပိုလီယိုရောဂါ ပပျောက်ရေးတွင် အန္တရာယ်ရှိလာနိုင်သည့် ကိစ္စများကို ကြိုတင်ကာကွယ်ဆောင်ရွက်သွားမည့် လုပ်ငန်းများအကြောင်းနှင့် တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများအတွက် ရေရှည်စီမံချက်ရေးဆွဲရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် အခြေခံပညာ မူလတန်းကျောင်း အမှတ်(၁၃)၊ (၄၂)နှင့် အထက(၃) ကျောင်းများသို့ ကျောင်းသုံးစကားပြော စတီတ်ခုံနှင့် ငွေကျပ် သုံးသိန်းကျော်တန်ဖိုးရှိ ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၂၉ ရက်က (၉/က)ရပ်ကွက် အမက(၁၃) ကျောင်းခန်းမ၌ကျင်းပရာ အလှူရှင် အပိုလိုဆေးတိုက်ပိုင်ရှင် ဦးတင်ရွှေက ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ထွဋ်ထံ ကျောင်းသုံး စာရေးကိရိယာများ ပေးအပ်လှူဒါန်းစဉ်။

(၅၀၆)

အခြေခံ အင်္ဂလိပ်စကားပြောသင်တန်း အမှတ်စဉ်(၁/ ၂၀၀၇)ဖွင့်ပွဲ ကျင်းပ

မော်လမြိုင် မေ ၂၉

မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ အခြေခံ အင်္ဂလိပ်စကားပြောသင်တန်း အမှတ်စဉ်(၁/၂၀၀၇) ဖွင့်ပွဲကို မေ ၂၇ရက် နံနက်ပိုင်းက မော်လမြိုင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံး သီဟရာဇာခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်စိုးမိုးနိုင်နှင့် အလုပ်အမှုဆောင်များ၊ မော်လမြိုင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာတိုးတိုးအောင်နှင့် အလုပ်အမှုဆောင်များ၊ မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းစိန်နှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းကြီးကြပ်မှုကော်မတီဝင်များ၊ သင်တန်းနည်းပြနှင့် သင်တန်းသူ၊ သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်စိုးမိုးနိုင်က အဖွင့်အမှာစကားပြောကြားသည်။

သင်တန်းကာလ

အဆိုပါသင်တန်းသို့ မော်လမြိုင်မြို့နယ်အတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဘွဲ့ရ ၂၂ ဦး၊ တက္ကသိုလ်တက်ရောက်နေသူ ၃၅ ဦး၊ တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူ ၃၃ ဦး စုစုပေါင်း ၉၀ တက်ရောက်ပြီး သင်တန်းကာလမှာ တစ်လတာ ကြာမြင့်မည်ဖြစ်သည်။

(၃၀၇)

ပညာသိပ္ပ ဓမ္မရုံသီစေတီရောင်တော်ဖွင့်ပူဇော်

ရန်ကုန် မေ ၃၀

ဒဂုံတက္ကသိုလ် သချာင်္ကျောင်းသားဟောင်းများက အဂ္ဂမဟာပဏ္ဍိတ အလိုတော်ပြည့်ဆရာတော်၏ ဩဝါဒကိုခံယူ၍ ပုဂံရှေးဟောင်းဘုရား အမှတ် (၉၈၀–ဃ)ပညာသိပ္ပဓမ္မရုံသီစေတီ ရွှေထီးတော်၊ စိန်ဖူးတော် ရောင်တော်ဖွင့်ပူဇော်ခြင်းနှင့် မိုးကြိုးလွှဲတပ်ဆင်လှူဒါန်းခြင်းတို့ကို မေ ၂၅ရက်တွင် ဘက်စုံပြုပြင်ရေးကော်မတီ အတွင်းရေးမှူး ကိုကျော်စွာဝင်း၊ တွဲဖက်အတွင်းရေးမှူး ကိုဆန်းဝင်းထွန်းနှင့် သချာင်္ကျောင်းသားဟောင်းများ၊ ပုဂံမြို့ မြန်မာ့လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ တာဝန်ရှိသူများ စုပေါင်းကုသိုလ်ပြုဆောင်ရွက်ကြရာ လိုအပ်သောကုန်ကျစရိတ်များကို ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းနေ NUသွားဆေးခန်း၊ သွားတုလုပ်ငန်းမှ ဒေါက်တာထွန်းနေအောင်မိသားစုက ငွေကျပ် ၂၉၀၀၀၀နှင့် အလှူရှင်များက စုပေါင်းကုသိုလ်ပြုလှူဒါန်းကြသည်။

စေတီတော် ရောင်တော်ဖွင့်ပူဇော်ခြင်းအတွက် မေ ၂၁ရက်တွင် ဒဂုံတက္ကသိုလ် သချာင်္ကျောင်းသားဟောင်းများက ရန်ကုန်မြို့ တာမွေမြို့နယ် အလိုတော်ပြည့်ကျောင်းတိုက်၌ သံဃာတော်အပါး ၇၀တို့အား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီး ပညာသိပ္ပ ဓမ္မရုံသီစေတီတော် ဗုဒ္ဓပူဇနိယပွဲနှင့် ဆွမ်းတော်ကြီးကပ်လှူပွဲကို ဒီဇင်ဘာလတွင် ပုဂံမြို့၌ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။ (က–ပ)

ယူကရိန်းနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် သံအမတ်ကြီး ဦးမင်းသိန်းအား ပူးတွဲခန့်အပ်

နေပြည်တော် မေ ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမင်းသိန်းအား ယူကရိန်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် သံအမတ်ကြီး ဦးမင်းသိန်းအား ပူးတွဲခန့်အပ်

နေပြည်တော် မေ ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမင်းသိန်းအား ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

တာမွေမြို့နယ် ၂၀၀၇–၂၀၀၈ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးနေ့ ဆိုင်းဘုတ် စိုက်ထူပွဲ အခမ်းအနားကို တာမွေကြီး(ခ)ရပ်ကွက် အထက(၃) ကျောင်းရှေ့တွင် မေ ၂၅ ရက်ကကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးဝမ်းမောင်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ဆန်းကြွယ်၊ ကျောင်းအုပ်ဆရာကြီး ဦးသိန်းလွင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၀၈)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၁–၅–၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၁၅** ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၃၅** ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- **၄:၅၅** ၆။ မျိုးချစ်တပ်မတော်
- **၅:၂၅** ၇။ မြန်မာသံစဉ်ချိုနားဝင်
- **၅:၃၀** ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၅:၃၅** ၉။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- **၅:၄၀** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၆:၅၀** ၁၅။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
- **၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဤမှန်သောသစ္စာတရားကြောင့်" (အပိုင်း–၅)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရွှေမင်းသမီး" (ဒုတိယတွဲ) (အပိုင်း–၄၇)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

ပေးအပ်လှူဒါန်း

၂၀၀၇–၂၀၀၈ ပညာသင်နှစ် မရမ်းကုန်းမြို့နယ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို အထက(၁) မရမ်းကုန်းတွင် မေ ၂၉ ရက်က ကျင်းပရာ တာဝန်ခံ မြို့နယ်ပညာရေးမှူး ဦးရှိန်းလိန်းအောင် ဆင်းရဲနွမ်းပါးသော ကျောင်းသားကျောင်းသူများအား ပံ့ပိုးပစ္စည်းနှင့် ငွေများ ပေးအပ်လှူဒါန်းစဉ်။

(ပညာရေး)

❖ ရှေ့ဖုံးမှ

မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးကပ်ခန့်ဇန်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသနေ တိုင်းရင်းသားပြည်သူများ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးအတွက် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ဖက်စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသည့် တီးတိန်မြို့နယ် ဒေါ်လ်လွင်ဒေသသည်လည်း လက်ဖက်ထွက်ကုန်များကို ဒေသနှင့်နီးစပ်ရာမြို့ကြီးများသို့ ကုန်စည်ကူးသန်းရောင်းဝယ်နိုင်ရန် ဆက်သွယ်ရေးလမ်းများ တိုးတက်ကောင်းမွန်အောင် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ ကြီးကြပ်ပံ့ပိုးမှုဖြင့် ဒေသခံပြည်သူများက ဝိုင်းဝန်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့အပြင် ဒေသလိုအပ်ချက်နှင့်ကိုက်ညီသည့် လက်ဖက်စက်ရုံတည်ဆောက်ကာ လက်ဖက်လုပ်ငန်းတိုးတက်ဖွံ့ဖြိုးလာရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ လက်ဖက်အပြင် ဒေသဝမ်းစာဖူလုံရေးအတွက် စပါးနှင့် နှစ်ရှည်ပင် ထောပတ်၊ သရက်၊ပိန္နဲ၊တည်း စသည်တို့ကို တိုးချဲ့စိုက်ပျိုးကြရန်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း ဝိုင်းဝန်းကူညီပံ့ပိုး ဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဒေါ်လ်လွင်ဒေသလက်ဖက်စိုက်ပျိုးထုတ်လုပ်မှုနှင့် လက်ဖက်ခြောက်စက်ရုံတည်ဆောက်ရေး၊ စပါးနှင့် အခြားသီးနှံများပါ စိုက်ပျိုးရေးတွင် ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းက ကျေးလက်ဒေသစိုက်ပျိုးရေးနှင့် လမ်းများပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာများက ကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျောင်းသုံးဗလာစာအုပ်များနှင့် ဆရာအတွက်ဝတ်စုံကို လိုင်းလင်းပီ အခြေခံပညာအလယ်တန်းကျောင်း (ဒေါ်လ်လွင်ကျေးရွာ) ကျောင်းအုပ်ကြီး ဦးထလားလိုင်းအား လည်းကောင်း၊ အားကစားပစ္စည်းများကို ဆွောင်ဒေါ်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထောင်ခန့်ခွာလ်အားလည်းကောင်း ထောက်ပံ့ပေးအပ်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျေးရွာရှိလက်ဖက်တောင်သူများ၏ လက်ဖက်ခြောက်လုပ်ကိုင်ဆောင်ရွက်နေမှုများကို ကြည့်ရှုလေ့လာကြပြီး ဒေါ်လ်လွင်ကျေးရွာ လက်ဖက်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွှာလ်ဇန်ကျေးရွာ၌ လက်ဖက်စိုက်ပျိုး အောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တောင်သူမိသားစုများ၏ လက်ဖက်ခြောက်ပြုလုပ်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျေးရွာလမ်းဘေးဝဲ/ယာနှင့် လမ်းတစ်လျှောက်၌ စိုက်ပျိုးထားသည့် လက်ဖက်စိုက်ခင်းများနှင့် မိသားစုများ လက်ဖက်ခြောက်ပြုလုပ်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကလေးမြို့သို့ ရောက်ရှိပြီး နယ်မြေခံတပ်၏ စိုက်ပျိုးမွေးမြူရေးခြံ၌ ဥစားကြက်နှင့် ငါးများမွေးမြူထားရှိမှု၊ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းများနှင့် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကိုလည်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နယ်မြေခံတပ်၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်သို့ရောက်ရှိရာ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးတင်ထွဋ်က ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှု၊ ပျိုးထောင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ပွဲသို့ တက်ရောက်၍ ကြက်ဆူပင်မျိုးစေ့နှင့် ကိုင်းပျိုးပင်များကို ပျိုးထောင်စိုက်ပျိုးပေးပြီး တပ်နယ်မိသားစုများ၏ မျိုးစေ့ချပျိုးထောင်နေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါနယ်မြေခံတပ်၌ ၂၀၀၇ခုနှစ် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုမှာ ၁၀၀၉၁ ဧက၊ ပျိုးထောင်ပြီးစီးမှုမှာ ၆၅၆ဒသမ ၃၈ ဧကနှင့် ပျိုးစုဆောင်းပြီးစီးမှုမှာ ၇၈၈၉၆ ဧက ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ည ၇နာရီတွင် ကလေးတပ်နယ်ခန်းမ၌ ကလေးခရိုင်၊ တမူးခရိုင်နှင့် မော်လိုက်ခရိုင်တို့မှ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံရာ ရှေးဦးစွာ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို အသီးသီးရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် ကလေးခရိုင်သည် စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်အကြားတွင်ရှိပြီး လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးတို့၌ အချက်အခြာကျသည့် ဒေသဖြစ်ကြောင်း၊ နိုင်ငံတော်က ကလေးခရိုင်တွင် တက္ကသိုလ်၊ဆေးရုံ၊ လေဆိပ်နှင့်တံတားကြီးများကို တိုးချဲ့တည်ဆောက်ပေးခဲ့သည့်အပြင် ကလေး–ဂန့်ဂေါ–ပခုက္ကူ ရထားလမ်းနှင့် ကလေး–ကလေးဝ–မုံရွာ ကားလမ်း စသည့်လမ်းသစ်များကို ဖောက်လုပ်ပေးနိုင်ခဲ့ခြင်းကြောင့် မြို့ပြနှင့် ကျေးလက်ဒေသများပါ ပိုမိုဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ကြောင်း၊ ဆန်စပါးအပါအဝင် ဒေသနှင့်ကိုက်ညီသည့် ရာသီသီးနှံများ၊ ထောပတ်၊ပိန္နဲစသည့်နှစ်ရှည်ပင်များ၊ ရော်ဘာများ တိုးချဲ့စိုက်ပျိုးရန်နှင့် ခြံစည်းရိုးကြက်ဆူပင်များကို လျာထားချက်ထက် ပြည့်မီကျော်လွန်အောင် အလေးထား စိုက်ပျိုးကြရန်ဖြစ်ကြောင်း၊ ဒေသတွင်းတာဝန်ထမ်းဆောင်နေကြသည့် ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် ဌာနဆိုင်ရာများသည် အောင်မြင်တိုးတက်နေသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အရှိန်အဟုန်မပျက် တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ကလေးမြို့၌ ညအိပ်ရပ်နားသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ခေါင်းဆောင်သော မြန်မာလေ့လာရေးအဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ နှစ်နိုင်ငံ မီဒီယာလုပ်ငန်းများ ပိုမိုတိုးချဲ့ရေး ညှိနှိုင်းဆွေးနွေးခဲ့

နေပြည်တော် မေ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ခေါင်းဆောင်သော မြန်မာလေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာ–တရုတ်နှစ်နိုင်ငံအစိုးရ ပြန်ကြားရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေးအစီအစဉ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီ သတင်းထုတ်ပြန်ရေးရုံး၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့ပြီးနောက် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ခေါင်းဆောင်သော မြန်မာလေ့လာရေး ကိုယ်စားလှယ်အဖွဲ့အား ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာလေ့လာရေးကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မေ ၂၄ ရက် ညနေပိုင်းတွင် ပေကျင်းမြို့၌ တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် တရုတ်ကွန်မြူနစ်ပါတီ Publicity Department ဌာနမှူး မစ္စတာလျူယွန်ရှင်း (Mr. Liu Yunshan)နှင့် တွေ့ဆုံ၍ မြန်မာ–တရုတ် နှစ်နိုင်ငံအကြား မီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး၊ မီဒီယာလုပ်ငန်းများကို ယခုထက် ပိုမိုတိုးချဲ့လုပ်ကိုင်နိုင်ရေးကိစ္စများကို ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းဆွေးနွေးကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီ သတင်းပြန်ကြားရေးရုံး (State Council Information Office) မှ Minister မစ္စတာချိုက်ဝူ (Mr. Cai Wu)က မြန်မာလေ့လာရေး ကိုယ်စားလှယ်အဖွဲ့အား မေ ၂၃ ရက် မွန်းလွဲပိုင်းတွင် ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး မြန်မာ–တရုတ်နှစ်နိုင်ငံအကြား ပြန်ကြားရေးဆိုင်ရာလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များနှင့် နည်းပညာများ အပြန်အလှန် ဖလှယ်ရေးကိစ္စများကို ညှိနှိုင်းဆွေးနွေး၍ သဘောတူညီမှုများ ရရှိခဲ့ကြောင်း သိရှိရသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၂၂ ရက် ညပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီ သတင်းပြန်ကြားရေးရုံး (State Council Information Office) မှ Vice Minister မစ္စတာချိုက်မင်ကျောက် (Mr. Cai Mingzhao) နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ မီဒီယာလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးကြပြီး မစ္စတာချိုက်မင်ကျောက်က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကာ အမှတ်တရ လက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ သတင်းပြန်ကြားရေးရုံးမှ Vice Minister မစ္စတာချိုက်မင်ကျောက်နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ခဲ့ပြီး နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ကြိုဆိုနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ ၂၅ ရက် မှ ၃၁ ရက်အထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

➪ ဗိုလ်တထောင်မြို့နယ်မှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဇောတိကဗဟိုနှင့်(အောင်ဇောတိ) စေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်းက ဇောတိကဗဟိုနှင့်(အောင်ဇောတိ) စေတီတော်တွင် တင်လှူပူဇော်မည့် ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပုဇွန်တောင်မြို့နယ် တာဝတိံသာလမ်းနေ အလှူရှင် ဦးလှဝင်း-ဒေါ်အေးမြင့် (တောင်ဒဂုံစက်မှုဇုန်၊ သံပြားဆိုဒ်စုံရောင်းဝယ်ရေး)က ဥပရိပါသာဒ သိမ်တော်ကြီးအတွက် အလှူငွေကျပ်သိန်း ၆၀၀ ကို လည်းကောင်း၊ အလှူရှင် ဒေါက်တာမောင်မောင်ဦး (အရှေ့ အိပ်စ်ပရက်စ် ကုမ္ပဏီလီမိတက်) က တောင်တန်းသာသနာပြုထာဝရငွေပဒေသာပင်အတွက် အလှူငွေကျပ် ငါးသိန်းကို လည်းကောင်း၊ မော်လမြိုင်ကျွန်းမြို့နေ အလှူရှင် ဦးမောင်လှ-ဒေါ်ရွှေစိန် မိသားစုက ဥပရိပါသာဒသိမ်တော်ကြီးနှင့် တောင်တန်းသာသနာပြု ထာဝရ ငွေပဒေသာပင်တို့အတွက် အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် တောင်ကုတ်ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တသူရိယဓဇထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ အမှူးပြုသောအဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များ၊ အလှူရှင်များက အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ပင့်ဆောင် တင်လှူ ပူဇော်ခွင့်ပြုတော်မူပါရန် တောင်းပန်လျှောက်ထားသည်။

ယင်းနောက် ဇောတိကဗဟိုနှင့်(အောင်ဇောတိ)စေတီတော်တွင် တင်လှူပူဇော်မည့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ် လှဌွေးဝင်းနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များက စေတီတော်သို့ ပင့်ဆောင်ကြသည်။

ထို့နောက် မင်္ဂလာအချိန်တွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်းနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ဇောတိကဗဟိုနှင့်(အောင်ဇောတိ) စေတီတော်အား ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော် တို့ကို စေတီတော် ဘုံအဆင့်ဆင့်သို့ မင်္ဂလာပန်းရထားဖြင့် ပင့်ဆောင်တင်လှူပူဇော်ကြသည်။

ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ခြံစည်းရိုးကြက်ဆူစိုက်ပျိုးရေး ညှိနှိုင်းစည်းဝေး တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၃၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ခြံစည်းရိုးကြက်ဆူစိုက်ပျိုးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၆ ရက် မွန်းလွဲ ၁ နာရီက ကျိုင်းတုံမြို့ စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း၊ တိုင်းစစ်ဌာနချုပ် ဦးစီးအရာရှိကြီးများနှင့် တပ်နယ်မှူးများ၊ ကျိုင်းတုံတပ်နယ်မှတပ်ရင်း/ တပ်ဖွဲ့မှူးများ၊ ပြည်နယ်/ခရိုင်/မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာတိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)အနေဖြင့် သုံးနှစ်အတွင်း ခြံစည်းရိုးကြက်ဆူ ဧက ငါးသိန်း ပြည့်မီအောင်စိုက်ပျိုးရေး၊ ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့နယ်/ရပ်ကွက်/ကျေးရွာများအလိုက်သတ်မှတ်ပေးထားသည့် စိုက်ဧကများ ပြည့်မီအောင်မြင် ဖြစ်ထွန်းအောင် စိုက်ပျိုးသွားကြရေး၊ ကျေးရွာအုပ်စုများတွင် ခြံစည်းရိုးကြက်ဆူစံပြရွာ တစ်ရွာစီတည်ထောင်၍ ဒေသခံပြည်သူများမှ စိတ်ပါဝင်စားစွာဖြင့် လက်တွေ့စိုက်ပျိုးလာအောင် စည်းရုံးဆောင်ရွက်သွားကြရေး ရှင်းလင်းပြောကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကျိုင်းတုံတပ်နယ်အတွင်းရှိ ခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်၌ ပျိုးပင် ၉၀၀၀၀အားပျိုးဘောင်၊ ပျိုးအိတ်များဖြင့် ပျိုးထောင်စိုက်ပျိုးထားရှိမှု အခြေအနေများကို လည်းကောင်း၊ ဧက ၁၀၀ စိုက်ခင်း၌ ခြံစည်းရိုးကြက်ဆူပင်များ ရှင်သန်အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် သုံးနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ဧက ငါးသိန်း စိုက်ပျိုးသွားမည်ဖြစ်ရာ ပြည်နယ် တစ်ခုလုံးအနေဖြင့် ၂၀၀၇ ခုနှစ်တွင်ဒုတိယအကြိမ် ဆက်လက်စိုက်ပျိုးရန် စိုက်ပျိုးပင်စုစုပေါင်း ၄၀၄၅၃ ဒသမ ၅၄ ဧကစာ ပြုစုပျိုးထောင်ထားပြီးဖြစ်ကြောင်းနှင့်သတ်မှတ်ဧက ပြည့်မီအောင်မြင်ဖြစ်ထွန်းရေးအတွက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

✻ မြန်မာနိုင်ငံမှ

ဗဟိုနှင့် မြို့မအခြေခံပညာမူလတန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအတွက် လှူဒါန်းသည့် ငွေကျပ်သိန်း ၂၀တန်ဖိုးရှိ ဗလာစာအုပ်နှင့် စာရေးကိရိယာဒါဇင် ၁၃၅၀ တို့ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ တိုင်းရင်းသားလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်၊ ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်နီနီဝင်းနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်တို့က ပေးအပ်လှူဒါန်းကြရာ သက်ဆိုင်ရာအခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

သီချင်းသီဆို

ထို့နောက် ပျဉ်းမနားမြို့နယ် ပညာရေးမှူးဦးလှထူးက ကျေးဇူးတင်စကားပြောကြားပြီး နေပြည်တော် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း"သီချင်းကိုသီဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

တိပိဋကကျောင်းတော် ဆွမ်းပဒေသာပင် ရေစက်ချပွဲကျင်းပမည်

ရန်ကုန် မေ ၃၀

ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိ=နိ ရန်ကုန်ဌာန တိပိဋကကျောင်းတော် အမှတ်(၁၂) စကားဝါလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့တွင် တေရသမ(၁၃)ကြိမ်မြောက် ရာသက်ပန်ဆွမ်းပဒေသာ အပင် ၁၀၀၀ ပြည့် ရေစက်ချပွဲအခမ်းအနားကို ဇွန် ၉ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဖိတ်စာမရရှိသော်လည်း ၂၀၀၆ ခုနှစ် မတ် ၁၄ ရက်မှ ဩဂုတ် ၁၄ ရက်အထိ လှူဒါန်းထားကြသော ဆွမ်းပဒေသာပင်အလှူရှင်များသည် ရေစက်ချပွဲအခမ်းအနားသို့ ကြွရောက်နိုင်ပါကြောင်းနှင့် ဖုန်း-၂၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၂၇၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့် နေပြည်တော်၌ကျင်းပသော ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး အထိမ်းအမှတ်အဖြစ် စာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းပွဲတွင် ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အာရှကလပ်များဘော်လီဘောပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အသင်းထွက်ခွာ

ရန်ကုန် မေ ၃၀

ဇွန် ၁ ရက်မှ ၈ ရက်အထိ ဘာရိန်းနိုင်ငံတွင်ကျင်းပမည့် အာရှကလပ်များ ဘော်လီဘောပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်းသည် ယမန်နေ့မွန်းလွဲ ၁နာရီ ၄၅မိနစ်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်းတွင် အုပ်ချုပ်သူ/နည်းပြ ဦးမျိုးမြင့်၊ လက်ထောက်နည်းပြ ဦးညီညီလွင်၊ အားကစားသမားများအဖြစ် ရဲမင်းအောင်၊ ကျော်စိုးအောင်၊ ကျော်ဇင်ဝင်းထွဋ်၊ ကျော်ရွှေ၊ စံရွှေမောင်၊ ဇော်လင်းဦး၊ စိုင်းညီလေး၊ အောင်မြတ်ထွန်း၊ ရဲရင့်ထွန်းနှင့် နေလင်းအောင်တို့ ပါဝင်ကြသည်။

ပြိုင်ပွဲတွင် ၁၂ နိုင်ငံမှ ကလပ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မြန်မာအသင်း ပါဝင်သည့်အုပ်စုတွင် အီရန်၊ ကာဇက်စတန်၊ ယူအေအီး၊ ဆော်ဒီအာရေဗျနှင့် တရုတ်တို့ ပါဝင်ကြကြောင်း သိရသည်။ (ကြေးမုံ)

အာရှကလပ်ဘော်လီဘောပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင် ဘော်လီဘော အသင်းအား ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့်အတူ တွေ့ရစဉ်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၁-၅-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၁၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၁၅ ၈။ အကပဒေသာ
- ၈:၃၅ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Every day Use.
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ)
- ၅:၀၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၁၅ ၆။ တေးဂီတအစီအစဉ်
- ၅:၂၅ ၇။ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ တေးများ
- ၅:၃၅ ၈။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၅:၄၅ ၉။ အာဆီယံနိုင်ငံများအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ခြင်း (အာဆီယံယဉ်ကျေးမှု၊ ပြန်ကြားရေးကော်မတီနှင့် မြန်မာနိုင်ငံ)
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ သီရိဂေဟာ
- ၇:၀၀ ၁၃။ Discovery
- ၇:၁၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေရောင်သန်းသော အသည်းနှလုံး" (အပိုင်း-၆)**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကံကြမ္မာနတ်သမီး" (အပိုင်း-၇)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိ၊ ယုံကြည်မှုမရှိ ပါတီ၏ လုပ်ရပ်များကို ထောက်ခံမှုမရှိတော့သဖြင့် စစ်ကိုင်းမြို့နယ်မှ ပါတီဝင် သုံးဦး စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၃၀

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ကျောင်းဖြူကျေးရွာမှ စည်းရုံးရေးမှူး ဦးသိန်းအောင်၊ ဦးဇော်ဝင်းလေးနှင့် ဦးစောမြင့်တို့ သုံးဦးသည် ဇန်နဝါရီ ၁၅ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့ နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLDပါတီအပေါ် စိတ်ဝင်စားမှုမရှိတော့ခြင်း၊ ယုံကြည်မှုမရှိတော့ခြင်းနှင့် NLD ပါတီ၏လုပ်ရပ်များကို ထောက်ခံမှုမရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

အမှိုက်ကစ ပြဿဒ်မီးလောင် မှူးယစ်ဆေးကို ဝေးဝေးရှောင်

တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက်ရောက်ကြမည့် သင်တန်းသားများအား တွေ့ဆုံမှာကြား

ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်းအတွင်းမှ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သင်တန်းအမှတ်စဉ်(၄၂)သို့ တက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြားခြင်းအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှဌေးဝင်းအား သင်တန်းတက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများနှင့် တက်ရောက်ဆဲ သင်တန်းသား၊ သင်တန်းသူများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် လှဌေးဝင်းက အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအတွက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ထောက်ပံ့သော ပညာသင်စရိတ် ထောက်ပံ့ငွေ ကျပ်သုံးသိန်း လေးသောင်းကို သင်တန်းသား ကိုယ်စားလှယ်တစ်ဦးထံ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် သင်တန်းသား သင်တန်းသူများ ကိုယ်စား သင်တန်းသူ ဒေါ်ခိုင်ဇာထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ရန်ကုန်တိုင်းအတွင်းမှ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် အမှတ်စဉ်(၄၂)သို့တက်ရောက်ကြမည့်သင်တန်းသား သင်တန်းသူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကမာရွတ်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ၂၈ရက်က အထက(၁)မရမ်းခြံ ကျောင်းခန်းမတွင် ကျင်းပရာ ကမာရွတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ထံမှ ငွေကျပ်သုံးသိန်းကို အမှတ်(၃) အခြေခံပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဒေါ်ကြူကြူရွှေ လက်ခံယူစဉ်။ (ပညာရေး)

ဦးကိုကိုကြီးအား ရည်စူး၍ ကမာရွတ်မြို့နယ် ပြည်လမ်း ၅မိုင်ခွဲနေ ဒေါ်တင်ရီမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး ခြောက်ထပ် ဆေးရုံသစ်ကြီးအတွက် ငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်ဆဲ အိန္ဒိယပညာသင် ရဟန်းတော်များ အဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်သစ်အတွက် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ၁၂ ရပ်ကွက်နေ ကိုစန်းလွင်မိသားစုက ကျောင်းအလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ အမှုဆောင်ဒေါ်ကြူကြူခိုင် (မင်္ဂလာဈေး)က လက်ခံပြီး ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဥက္ကဋ္ဌ အရှင်ရာဇိန္ဒ(နာလန္ဒာ)က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။ (က-ပ)

ရန်ကင်းမြို့နယ် မြို့နယ်သံဃနာယကအဖွဲ့က ကြီးမှူးကျင်းပသော (၂၄)ကြိမ်မြောက် ယဉ်ကျေးမှုသင်တန်း ဆုပေးပွဲကို မေ ၂၅ ရက်က မိုးကောင်းစေတီ ဓမ္မာရုံတွင် ကျင်းပရာ အထူးအောင် သင်တန်းသားတစ်ဦးအား ဂေါပကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးကျော်မင်း ဆုချီးမြှင့်စဉ်။ (၃၅)

၂၀၀၇ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာ၊ စာစီစာကုံးနှင့်ရောင်စုံဓာတ်ပုံပြိုင်ပွဲများကျင်းပမည်

ရန်ကုန် မေ ၃၀

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း၍ ၂၀၀၇ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကိုကျင်းပမည်ဖြစ်သည်။

ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများအတွက်ခေါင်းစဉ်မှာ အင်္ဂလိပ်ဘာသာဖြင့် "Men as Partners in Materna Health" မြန်မာဘာသာဖြင့် **"မိခင်ဘဝကျန်းမာမှုလက်တွဲဖော်ပြုအမျိုးသားထု"**ဟူ၍ ဖြစ်သည်။

ပိုစတာပြိုင်ပွဲကို အသက်အလိုက် အဆင့်ငါးဆင့်ခွဲ၍ကျင်းပသွားမည်ဖြစ်ရာ အဆင့်(၁)တွင် အသက် ၆နှစ်မှ ၈နှစ်၊ အဆင့်(၂)တွင် အသက်(၉)နှစ်မှ(၁၂)နှစ်၊ အဆင့်(၃)တွင် အသက် ၁၃နှစ်မှ ၁၅နှစ်၊ အဆင့်(၄)တွင်အသက် ၁၆နှစ်မှ ၁၈နှစ်၊ အဆင့်(၅)တွင် အသက် ၁၉နှစ်နှင့် အထက်ရှိသူများဖြင့်သတ်မှတ်ထားသည်။ အဆင့်(၁)မှ အဆင့်(၄) အထိပြိုင်ပွဲကို ပြည်နယ်/တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများကကြီးမှူး၍ နေပြည်တော်နှင့် ပြည်နယ်/တိုင်း မြို့တော်များရှိ သတ်မှတ်ထားသောနေရာများ၌ ဇွန် ၉ရက် (စနေနေ့)တွင် ၄နာရီကြာကျင်းပမည်ဖြစ်ရာ ပြည်သူ့ အင်အားဦးစီးဌာနက ထုတ်ပေးမည့် ၁၅လက်မ x ၂၀လက်မ ပုံဆွဲစက္ကူဖြင့်သာ လက်တွေ့ရေးဆွဲယှဉ်ပြိုင်ရမည် ဖြစ်သည်။ အဆင့်(၁)မှ အဆင့်(၄)အထိဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် သက်ဆိုင်ရာပြည်နယ်၊ တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေး ဦးစီးဌာနရုံးများတွင် ဇွန် ၈ရက်နောက်ဆုံးထား၍ စာရင်းပေးလျှောက်ထားရမည်ဖြစ်သည်။ အဆင့်(၅)ကို အလွတ်တန်းဖိတ်ခေါ်ပြိုင်ပွဲအဖြစ် သတ်မှတ်ထားပြီး ၁၈လက်မ x ၂၄လက်မအရွယ် မိမိကြိုက်နှစ်သက်ရာ ပုံဆွဲစက္ကူကို အသုံးပြုရေးဆွဲပြီး သက်ဆိုင်ရာပြည်နယ်၊တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများသို့ ဇွန် ၁၄ရက်အရောက်သို့မဟုတ်ပြည်သူ့အင်အားဦးစီးဌာန၊ အမှတ် ၄၁၆၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ ဇွန် ၂၇ရက်နေ့ အရောက်ပေးပို့ရမည်။ ရန်ကုန်တိုင်းမှ ယှဉ်ပြိုင်သူများသည်လည်း ပြည်သူ့အင်အား ဦးစီးဌာန၊ ရန်ကုန်မြို့သို့ ဇွန် ၂၇ရက်အရောက် တိုက်ရိုက်ပေးပို့ရမည်။

ပြိုင်ပွဲဆုများအဖြစ် အဆင့်(၁)မှ အဆင့်(၄)အထိပထမဆုငွေကျပ် တစ်သိန်း၊ ဒုတိယဆု ငွေကျပ်ခုနစ်သောင်းငါးထောင်၊ တတိယဆု ငွေကျပ် ငါးသောင်းနှင့်အထူးဆု ငါးဆုအဖြစ် ငွေကျပ် နှစ်သောင်းစီ သတ်မှတ်ထားပြီး အဆင့်(၅)အလွတ်တန်း ဖိတ်ခေါ်ပြိုင်ပွဲအတွက် ပထမဆု ငွေကျပ် တစ်သိန်းငါးသောင်း၊ ဒုတိယဆု ငွေကျပ်တစ်သိန်း၊ တတိယဆုငွေကျပ် ခုနစ်သောင်းငါးထောင်နှင့် အထူးဆုငါးဆုအဖြစ် ငွေကျပ်သုံးသောင်းစီ သတ်မှတ်ထားသည်။

စာစီစာကုံးကို မြန်မာဘာသာဖြင့် ပြိုင်ပွဲဝင်ရမည်ဖြစ်သည်။ စာစီစာကုံးပြိုင်ပွဲကို တက္ကသိုလ်/ကောလိပ်အဆင့်၊ အခြေခံပညာအထက်တန်းအဆင့် ၈ ၊၉ ၊၁၀တန်းနှင့် အခြေခံပညာအလယ်တန်းအဆင့် ၅၊၆၊၇တန်းအဆင့်သုံးဆင့်ခွဲ၍ နေပြည်တော်နှင့်ပြည်နယ်/တိုင်းမြို့ကြီးများတွင် ဇွန် ၁၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ ၁၁နာရီအတွင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဆုများအဖြစ် တက္ကသိုလ်/ကောလိပ်အတွက် ပထမဆု ငွေကျပ်ငါးသောင်း၊ ဒုတိယဆု ငွေကျပ် လေးသောင်း၊ တတိယဆုငွေကျပ်သုံးသောင်းနှင့် အထူးဆုငါးဆုအား ငွေကျပ်နှစ်သောင်းစီသတ်မှတ်ထားပါသည်။အခြေခံပညာအလယ်တန်း အဆင့်နှင့် အထက်တန်းအဆင့်တို့အတွက် ပထမဆုငွေကျပ် လေးသောင်း၊ဒုတိယဆုငွေကျပ် သုံးသောင်း၊ တတိယဆုငွေကျပ် နှစ်သောင်းနှင့် အထူးဆုငါးဆုအား ငွေကျပ်တစ်သောင်းငါးထောင်စီ သတ်မှတ်ထားသည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကို ပြိုင်ပွဲဝင်လိုသူများသည် ၁၀လက်မ x ၁၅လက်မအရွယ်အစား Print ပုံဖြင့် အရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဆုများအဖြစ် ပထမဆုငွေကျပ်နှစ်သိန်း၊ ဒုတိယဆု ငွေကျပ်တစ်သိန်း ငါးသောင်း၊ တတိယဆုငွေ ကျပ်တစ်သိန်းနှင့် အထူးဆုငါးဆုအား ငွေကျပ်ငါးသောင်းစီ သတ်မှတ်ထားသည်။

ပြိုင်ပွဲဝင် ဓာတ်ပုံများကို ဦးမြင့်သိန်း လက်ထောက်ညွှန်ကြားရေးမှူး ပြည်သူ့အင်အားဦးစီးဌာန၊ အမှတ်(၄၁၆)၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့သို့ ဇွန် ၁၅ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲဝင်သူများမှ တိုက်ရိုက်ပေးပို့ရမည်။ ရောင်စုံဓာတ်ပုံများကို မိမိကိုယ်တိုင်ရိုက်ကူးကြောင်း၊ ထိုဓာတ်ပုံသည် ပြည်တွင်း၊ ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်း မရှိကြောင်း ဝန်ခံချက်၊ ဓာတ်ပုံနှင့်စပ်လျဉ်းသည့် အကြောင်းအရာ (Caption) အပြည့်အစုံပါရှိရမည်။ ဓာတ်ပုံများပေးပို့သည့်အခါ ပြိုင်ပွဲဝင်သူများ၏ ပတ်စပို့ဓာတ်ပုံနှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲများတွင် ဗဟိုအဆင့် ပထမ၊ ဒုတိယနှင့် တတိယဆုရသူများကို ဇူလိုင် ၁၁ ရက်တွင် နေပြည်တော်၌ ကျင်းပမည့် ကမ္ဘာ့လူဦးရေနေ့အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပြီး အထူးဆုများကို သက်ဆိုင်ရာ ပြည်နယ်/ တိုင်းလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများမှတစ်ဆင့် ဆုရရှိသူများထံ ပေးပို့မည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ပြည်နယ်/တိုင်းလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးများတွင် ကြည့်ရှုနိုင်ပြီး နေပြည်တော်တွင် ပျဉ်းမနားခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံး၊ ရန်ကုန်တိုင်းမှ ယှဉ်ပြိုင်မည့်သူများအနေဖြင့် ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးနှင့် ပြည်သူ့အင်အားဦးစီးဌာန ရန်ကုန်မြို့တွင် ကြည့်ရှုနိုင်သည်။

မရှင်းလင်းသည့်အချက်များရှိပါက ပိုစတာပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်း လက်ထောက်ညွှန်ကြားရေးမှူး ပြည်သူ့အင်အားဦးစီးဌာန ဖုန်း-၃၈၂၁၀၇၊ စာစီစာကုံးပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မျိုးအောင် လက်ထောက်ညွှန်ကြားရေးမှူး (စီမံနှင့်ဘဏ္ဍာဌာနခွဲ)၊ပြည်သူ့အင်အားဦးစီးဌာန ဖုန်း-၃၈၂၁၀၃၊ ဓာတ်ပုံပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌဦးမြင့်သိန်း လက်ထောက်ညွှန်ကြားရေးမှူး ပြည်သူ့အင်အားဦးစီးဌာန ဖုန်း-၃၈၂၁၀၇နှင့် မြန်မာနိုင်ငံ ဓာတ်ပုံအသင်း (ရန်ကုန်မြို့) ဖုန်း-၃၇၃၁၆၇သို့ ဆက်သွယ်စုံစမ်းနိုင်ကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင်အသုံးပြုရန် ဆေးဝါးများလှူဒါန်း

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကျန်းမာရေးလုပ်ငန်းစောင့်ရှောက်မှုများတွင် အသုံးပြုရန်အတွက် Royal Ruby Co., Ltd. မှ မေ ၂၉ ရက် မွန်းလွဲ ၁နာရီတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ ဆေးဝါးများ လာရောက်လှူဒါန်းသည်။

ရှေးဦးစွာ Royal Ruby Co.,Ltd အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်သင်းနွယ်ဝင်းက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ငွေကျပ် နှစ်သိန်းခြောက်ထောင် တန်ဖိုးရှိ ဆေးဝါးများကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဆေးဝါးလှူဒါန်းပွဲသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းထံ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် Royal Ruby Co.,Ltd အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်သင်းနွယ်ဝင်း ဆေးဝါးပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး သန်လျင်မြို့နယ်၌ ကျင်းပသော ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးနှင့် စာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံ ပေးအပ်လှူဒါန်းပွဲတွင် ကျောင်းသား၊ ကျောင်းသူများအား စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများပေးအပ်စဉ်။ (ခရိုင်ပြန်/ဆက်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးနှင့် စာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ကျောင်းနေ အရွယ်ကလေးများ ကျောင်းအပ်နှံရေးနှင့် စာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ပတ္တမြားခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်ပညာရေးမှူးဦးသန်းစိန်နှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

ကျေးဇူးတင်စကားပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အမှာစကားပြောကြား၍ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့်ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေတို့က ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများကို ပေးအပ်ကြပြီး ရန်ကုန်တောင်ပိုင်းခရိုင် ပညာရေးမှူး ဦးသန်းစိန်က ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

FAO ဌာနေကိုယ်စားလှယ် မွေးမြူရေးဇုန်များလေ့လာ

နေပြည်တော် မေ ၃၀

ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ FAO မှ ဌာနေကိုယ်စားလှယ် Mr. Tang Zhengping သည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်နှင့် မွေးမြူရေးဇုန်များ ဖော်ထုတ်ရေး စီမံကိန်း ညွှန်ကြားရေးမှူး ဒေါက်တာ အောင်ကြီးတို့ လိုက်ပါလျက် မေ ၂၈ ရက်တွင် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တပ်ကုန်းမြို့နယ် ကံကြီးမွေးမြူရေးဇုန်နှင့် ရွှေမြို့ မွေးမြူရေးဇုန်တို့သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီး ဌာနက မွေးမြူရေးဇုန် ခုနစ်ဇုန်ကို ဖော်ထုတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တပ်ကုန်းမြို့နယ် တွင် မွေးမြူရေးဇုန် နှစ်ဇုန်၊ လယ်ဝေး မြို့နယ်တွင် မွေးမြူရေးဇုန်နှစ်ဇုန်၊ ရမည်းသင်းမြို့နယ်တွင် မွေးမြူရေးဇုန် သုံးဇုန် တို့ဖြစ်သည်။ တပ်ကုန်းမြို့နယ် ကံကြီးမွေးမြူရေးဇုန်တွင် နို့စားနွား ၁၆၅ ကောင်၊ ဆိတ်အကောင် ၁၀၂၀ နှင့် သိုး ၁၃၄ ကောင်တို့ကို မွေးမြူထား ကြောင်း သိရသည်။

ရွှေမြို့မွေးမြူရေးဇုန်တွင် ယူနီစန်၊ စူပါကောင်း၊ ဖော်ကျူးအင်တာ နေရှင်နယ်နှင့် မန္တလေးအဖွဲ့ကုမ္ပဏီလေးခု တို့က နို့စားနွား ၁၆၄ ကောင်နှင့် ဆိတ်အကောင် ၁၆၀တို့ကို မွေးမြူထား ကာ မွေးမြူရေးဆေးဝါး ဆိုင်တစ်ဆိုင် ဖွင့်လှစ်ထားရှိပြီး အစာစပ်စက်ရုံနှင့် နို့မှုန့်ထုတ်လုပ်သည့် စက်ရုံများ တည် ဆောက်လျက်ရှိသည်။ (သတင်းစဉ်)

စင်ကာပူ တံခွန်စိုက်ရွက်လှေပြိုင်ပွဲဝင်ရန် မြန်မာရွက်လှေအားကစားအဖွဲ့ ထွက်ခွာ

ရန်ကုန် မေ ၃၀

စင်ကာပူနိုင်ငံတွင် ဇွန် ၆ ရက်မှ ၁၁ ရက်အထိ ကျင်းပမည့် စင်ကာပူ အမျိုးသား တံခွန်စိုက်ရွက်လှေပြိုင်ပွဲ (Singapore National 420 Championship) ၌ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ရွက်လှေအားကစား အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် စင်ကာပူနိုင်ငံသို့ ထွက်ခွာသွားကြသည်။

မြန်မာ့လက်ရွေးစင် ရွက်လှေအားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးသန်းစိန်(အဖွဲ့ချုပ်နည်းပြချုပ်)၊ အားကစားသမားများအဖြစ် (အမျိုးသား) နေလကျော်၊ မင်းမင်း၊ အောင်မြင်သူနှင့် စိုင်းပြည့်စုံဟိန်း၊ (အမျိုးသမီး) စုစန္ဒာဝေနှင့် ခင်ညိုလင်းတို့ ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင် ရွက်လှေ အားကစားအဖွဲ့၏ နည်းပြအဖြစ် အင်္ဂလန်နိုင်ငံမှ Mr. Collum Mac Donald က တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်ရွက်လှေအားကစားအဖွဲ့သည် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယခုပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

စင်ကာပူအမျိုးသား တံခွန်စိုက် ရွက်လှေပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ရွက်လှေ အားကစားအဖွဲ့ကို တွေ့ရစဉ်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၅-၂၀၀၇ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	(၂၄)ပစ္စည်းပဋ္ဌာန်း ဒေသနာတော်တရားတော် (အပိုင်း-၉) (ဓမ္မဒူတ အရှင်ဆေကိန္ဒဆရာတော်)
၇း၅၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	ဆန့်ကျင်ကာကွယ် ဆေးလိပ်အန္တရာယ်
၈း၄၅	တေးဂီတအစီအစဉ်
၈း၅၅	Activities In The City
၉း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	MRTV-4 ကျန်းမာရေးကဏ္ဍ (နှလုံးသွေးကြောရောဂါ အကြောင်း သိကောင်းစရာ များ)(အပိုင်း-၃)(ပါမောက္ခ ဒေါက်တာခင်မေစန်းနှင့် တွေ့ဆုံခြင်း) "နှလုံးသွေးကြောကျဉ်းရောဂါ အကြောင်းသိကောင်းစရာ"
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	အသွင်သစ်ကွန်ကရစ် တည်ဆောက်မှုရင်းမြစ်
၁၀း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၀	ပြည်တွင်းအနုပညာရေးရာ
၁၁း၀၀	မိုးလေဝသခန့်မှန်းချက်
၁၁း၀၅	နူးညံ့လှပနန်းတွင်းယိမ်းအက
၁၁း၁၀	အားမာန်ဝင့်ချီ အားကစားဟော်ကီ
၁၁း၃၀	ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ (အနုပညာရှင်များ)
၁၁း၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	Yangon Panorama (မြန်မာနိုင်ငံကြက်ခြေနီအသင်း ထူးချွန်ကြက်ခြေနီ တွေ့ဆုံပွဲ-၂၀၀၇)
၁၂း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀	သတင်းကောင်း (သျှားညို၊ဆုပန်ထွာ၊ပွင့်)
၁၂း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၄၅	တေးဂီတအစီအစဉ်
၁၂း၅၀	သီးနှံစိုက်ပျိုးအထွက်တိုး "စပါးပန်းတိုင်အထွက်နှုန်း"
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီ အထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တာနာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဧဝရက်တောင် မာရသွန်အပြေးပြိုင်ပွဲ နီပေါနိုင်ငံသားဗိုလ်စွဲ

ဆိုလူကမ်ဘူ(နီပေါ) မေ ၂၀

နီပေါနိုင်ငံရှိ ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်၏ တောင်ခြေစခန်းမှ စတင်ပြုလုပ်သော တန်ဇင်ဟီလာရီ ဧဝရက်တောင် မာရသွန်ပြေးပွဲ (၂၀၀၇)ကို အင်္ဂါနေ့က ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်သည်။ ထိုပြိုင်ပွဲတွင် နီပေါနိုင်ငံသား အပြေးသမား ဒီပတ်ရာ့ချ်ရိုင်းက အနိုင်ရ ဗိုလ်စွဲသွားသည်။

ကျင်းပရာနေရာ

ဧဝရက်တောင် မာရသွန်ပြိုင်ပွဲကို ကျင်းပရာနေရာသည် နီပေါနိုင်ငံ၏ မြို့တော် ခတ္တမန္ဒူမှ အရှေ့မြောက်ဘက် ကီလိုမီတာ ၂၀၀ အကွာရှိ မန်ချီအရပ်တွင် ဖြစ်သည်။

ဒီပတ်ရာ့ချ်ရိုင်းသည် ဧဝရက်တောင် မာရသွန်ပြိုင်ပွဲတွင် ဗိုလ်စွဲထားသည့် လက်ရှိချန်ပီယံ ဖြစ်သည်။ ၎င်းသည် ၄၂ ဒသမ ၂ ကီလိုမီတာနီးပါး ရှိသော မာရသွန်ခရီးကြမ်းကို ၃ နာရီ ၅၉ မိနစ် ၂၄ စက္ကန့် စံချိန်ဖြင့် ဗိုလ်စွဲသွားခြင်းဖြစ်သည်။ ဒုတိယရရှိသူမှာ ဒပ်နီမာရာပါဖြစ်ပြီး၊ တတိယရရှိသူမှာ မီလန်ရိုင်းဖြစ်သည်။ ၎င်းတို့သည် ၄ နာရီ ၅ မိနစ် ၃၉ စက္ကန့်ဖြင့် ဒုတိယပန်းဝင်ပြီး တတိယပန်းဝင်သူမှာ ၄ နာရီ ၇ မိနစ် ၄ စက္ကန့်ဖြင့် ပန်းဝင်ခြင်းဖြစ်သည်။

အမျိုးသမီးပြိုင်ပွဲ

ဧဝရက်တောင် မာရသွန်ပြိုင်ပွဲကို ကျင်းပရာ၌ အမျိုးသမီးပြိုင်ပွဲကိုလည်း ထည့်သွင်းဆင်နွှဲစေသည်။ ထိုပြိုင်ပွဲတွင် ကလေးသုံးဦး၏မိခင် အသက် (၃၅)နှစ်ရှိသူ အန်းဒါမီရာပါက ၅ နာရီ ၆ မိနစ် ၅၅ စက္ကန့်ဖြင့် ပထမပန်းဝင်ခဲ့သည်။ ဒုတိယ ပန်းဝင်လာသူမှာ အသက် (၁၆) နှစ်အရွယ်ရှိ ကျောင်းသူ မင်းမာချမ်ဂီရာပါ ဖြစ်သည်။ ၎င်းသည် စံချိန် ၅ နာရီ ၁၁ မိနစ် ၅၆ စက္ကန့်ဖြင့် ပန်းဝင်ခဲ့သည်။ လက်ရှိချန်ပီယံ ယန်ဒီရာပါမှာ တတိယဆုနှင့်သာ ကျေနပ်ခဲ့ရသည်။

ဧဝရက်တောင်မာရသွန်ပြိုင်ပွဲ ၂၀၀၇ခုနှစ်တွင် ပထမပန်းဝင်လာသူ နီပေါနိုင်ငံသား ဒီပတ်ရာ့ချ်ရိုင်းကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဧဝရက်တောင် မာရသွန်ပြိုင်ပွဲ အမျိုးသမီးပြိုင်ပွဲတွင် ဗိုလ်စွဲသွားသူ အန်းဒါမီရာပါ ပန်းဝင်လာသည်ကိုတွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပြည်ပနိုင်ငံသား

ထိုပြိုင်ပွဲတွင် နီပေါနိုင်ငံသားများသာမက နိုင်ငံခြားသားများလည်း ဝင်ရောက်ယှဉ်ပြိုင်သည်။ နိုင်ငံခြားသားများအနက် အသက် (၂၂)နှစ်ရှိ အမေရိကန်နိုင်ငံသား တွန်ပါကင်က စံချိန် ၆ နာရီ ၁ မိနစ် ၂၄ စက္ကန့်ဖြင့် ပန်းဝင်ခဲ့ပြီး ၎င်း၏နောက်မှ ဗြိတိန်မှ ထရစ်ကယ်လီက ၆ နာရီ ၁၁ မိနစ် ၂၁ စက္ကန့်၊ အမေရိကန်နိုင်ငံမှ ရှိုင်ရယ်မီလာက ပန်းဝင်ခဲ့သည်။

ပါဝင်ယှဉ်ပြိုင်

ယခုနှစ် ဧဝရက်တောင် မာရသွန်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူပေါင်း ၁၃၀ ကျော်ရှိသည့်အနက် ပြည်ပနိုင်ငံပေါင်း ၁၃ နိုင်ငံမှ လာရောက်ယှဉ်ပြိုင်သူ နိုင်ငံခြားသား ၅၃ ဦးရှိသည်။ ၎င်းတို့အနက် နယ်သာလန်နိုင်ငံမှ ၂၆ ဦး၊ အမေရိကန်နိုင်ငံမှ ခြောက်ဦးနှင့် ဗြိတိန်နိုင်ငံသား ငါးဦးတို့ ပါဝင်သည်။ ထို့ပြင် ဂျာမနီနှင့် ဂျပန်နိုင်ငံမှ သုံးဦးစီလည်းကောင်း၊ ဆွစ်ဇာလန်၊ နယ်သာလန်နှင့် ပြင်သစ်နိုင်ငံတို့မှ နှစ်ဦးစီလည်းကောင်း ပါဝင်ကြပြီး ဩစတြေးလျ၊ ဩစတြီးယား၊ ဖင်လန်၊ ချက်နှင့် ထိုင်းနိုင်ငံတို့မှ တစ်ဦးစီ အသီးသီး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

မာရသွန်ပြိုင်ပွဲ အမည်ကို ဧဝရက်တောင်အား ကမ္ဘာ့လူသားများအနက် ပထမဦးဆုံး အောင်မြင်ခဲ့သူ တန်ဇင်နော်ကေးနှင့်အက်မန်ဟီလာရီတို့ကို ဂုဏ်ပြုသောအားဖြင့် အမည်ပေးခဲ့ခြင်း ဖြစ်သည်။

နှစ်စဉ်ကျင်းပခဲ့

ဧဝရက်တောင်ကို ပထမဦးဆုံး အောင်မြင်ခဲ့သူ တန်ဇင်နော်ကေးနှင့် အက်မန်ဟီလာရီတို့၏ အောင်မြင်ခြင်း အထိမ်းအမှတ် ရွှေရတုသဘင်သည် ၂၀၀၃ခုနှစ်တွင်ပြည့်မြောက်ခဲ့သည်။ ထိုနှစ် မေ ၂၉ရက်နေ့မှစ၍ ဧဝရက်တောင်မာရသွန်ပြိုင်ပွဲ ကို နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဓိက မာရသွန်ပြိုင်ပွဲတွင် ပန်းဝင်လာသူများ ရရှိမည့်ဆုကြေးများမှာ ပထမ အမေရိကန် ဒေါ်လာ ၁၀၀၀၊ ဒုတိယ ဒေါ်လာ ၅၀၀နှင့် တတိယ ဒေါ်လာ ၃၀၀ အသီးသီး ဖြစ်သည်။ ထို့အပြင် မာရသွန်ပြိုင်ပွဲ အမျိုးသမီးပြိုင်ပွဲနှင့် နိုင်ငံခြားသား ပြိုင်ပွဲများအတွက် ဆုကြေးများမှာမူ အမေရိကန်ဒေါ်လာ ၅၀၀၊ ၃၀၀နှင့် ၂၀၀ အသီးသီး ဖြစ်သည်။

အင်တာနက်

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ နှင်းဆီဖြူလမ်းနေ ဒေါ်ချိုချိုမြင့် မိသားစုက စစ်ကိုင်း-ဝါးချက် ကားလမ်းအတွက် အလှူငွေ ကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ-နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။
(ကြေးမုံ)

ရွှေညဝါအောင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၀

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် သာခုပရိယတ္တိစာသင်တိုက်၌ ဖွင့်လှစ်လျက်ရှိသော ဆဋ္ဌမအကြိမ်မြောက် ဓမ္မာစရိယနှင့် အဘိဓမ္မာ ရွှေညဝါ ဆရာဖြစ်သင်တန်းအောင်ပွဲ အခမ်းအနားနှင့် ရွှေညဝါ ပညာ့ဗိမာန် သုံးထပ်ကျောင်းတော်ကြီး ရေစက်ချအလှူတော် မင်္ဂလာပွဲကို ဇွန် ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ယင်းသုံးထပ်ကျောင်းတော်ကြီး၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များတက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (က-ပ)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားလမ်း၊ အမှတ်(၃၄)၊ ကံဘဲ့၊ မြေကွက်အမှတ်(၃၆/ဃ?)၊ ဧရိယာ(၀ ဒသမ၁၂၇)ဧကရှိ လ/န၃(ခ)ရပြီးမြေပိုင်မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေမှအပြီးအပိုင်ဝယ်ယူ၍ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်၏ အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြသောင်း
အထွေထွေမန်နေဂျာ
MOTHERLAND Group
Construction Co.,Ltd.
အမှတ်(၄၅၃)၊ သိမ်ဖြူလမ်း၊ ကန်/တောင်ရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၄၈၉၁၂၊ ၃၉၄၈၂၂

❍ **ကျောဖုံးမှ**

မျက်စိကွယ်သည်အထိဒုက္ခပေးနိုင်သော အာကန်သမိုဘာကီရာတီတစ် (AK)ရောဂါဖြစ်ပွားသည်ကို တွေ့ရသည်။ ထို့အတွက်ကြောင့် ယင်းဆေးရည်ကို သုံးစွဲခြင်းမပြုရန် အမေရိကန်အစားအစာနှင့် ဆေးဝါးအုပ်ချုပ်ရေးအဖွဲ့ (FDA)က သတိပေးချက် ထုတ်ပြန်ထားသည်။

မျက်ကပ်မှန်သန့်ဆေးရည် (AMOCMP)ကို ထုတ်လုပ်သည့် ကုမ္ပဏီကလည်း အန္တရာယ်ပေးသည်ဆိုသော ဆေးရည်ဘူးများကို ပြန်လည်သိမ်းယူလျက်ရှိကြောင်း သိရသည်။

ဖော်ပြပါသတင်းထွက်ပေါ်လာပြီးနောက်ပိုင်းတွင် အက်ဒဗန့်မယ်ဒီကယ်အော့ပတစ်ကုမ္ပဏီ၏ အစုရှယ်ယာဈေးနှုန်းများသည် မေ ၃၀ရက်တွင် ထိုး၍ကျသွားသည်။

အမေရိကန်နိုင်ငံတစ်ဝန်းရှိ မျက်စိကုဌာနပေါင်း ၂၂ခုတို့၏ အခြေအနေနှင့် စာရင်းအင်းအချက်အလက်များကို အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန (CDC) က လေ့လာခဲ့သည်။ ထိုလေ့လာချက်ကြောင့် AMOCMP မျက်ကပ် မှန်သန့်ဆေးရည် သုံးစွဲသူများတွင် AKရောဂါဖြစ်ပွားမှုများပြားသည်ကို ဖော်ထုတ်တွေ့ရှိခဲ့သည်။

သို့ဖြစ်၍ မျက်ကပ်မှန်အပျော့စားသုံးစွဲပြီး AMOCMPမျက်ကပ်မှန်သန့်ဆေးရည် သုံးစွဲသူများသည် ထိုဆေးများကို ဝယ်ထားပြီးသားဖြစ်နေလျှင်သော်လည်းကောင်း၊ ဖွင့်ဖောက်ထားပြီးသား ဖြစ်နေလျှင်သော်လည်းကောင်း ဆက်လက်အသုံးမပြုတော့ဘဲ စွန့်ပစ်ကြရန် CDCကအကြံပြုထားသည်။ ထို့ပြင် မျက်ကပ်မှန်သန့်ဆေးရည်နှင့် ထိတွေ့ထားသည့် မျက်ကပ်မှန်နှင့် ဆေးစိမ်သည့်ဘူးတို့ကိုပါ လွှင့်ပစ်သင့်ကြောင်း တိုက်တွန်းထားသည်။

ဖော်ပြပါဆေးရည်ကို သုံးစွဲသူများအနေဖြင့် မည်သို့ဆက်လက်ဆောင်ရွက်သင့်သည်ကိုသိရှိရန် မျက်စိကုဆရာဝန်နှင့် ပြသတိုင်ပင်သင့်သည်။ အထူးသဖြင့် မျက်ကပ်မှန်သုံးစွဲသူတွင် မျက်စိနီနေခြင်း၊ ရောဂါရသည့်လက္ခဏာ တစ်စုံတစ်ခုတွေ့ရပါက ဆရာဝန်နှင့် ချက်ချင်းပြသ၍ ကုသမှုခံယူသင့်ကြောင်း တိုက်တွန်းထားသည်။

အမေရိကန် အစားအစာနှင့် ဆေးဝါးထိန်းချုပ်ရေးအဖွဲ့၏ အဆိုအရ မျက်စိ AK ရောဂါဖြစ်ပွားလျှင် မျက်စိနီခြင်း၊ မျက်စိနာခြင်း၊ အမြင်အာရုံမသဲကွဲခြင်း၊ အလင်းရောင်ကို မကြည့်နိုင်ခြင်း၊ မျက်စိအတွင်း ခိုးလုခုလုခံစားရခြင်း၊ မျက်ရည်အလွန်အကျွံကျခြင်းစသည့် လက္ခဏာများကို ခံစားရကြောင်းသိရသည်။

သာမန်အားဖြင့်ဆိုလျှင် မျက်ကပ်မှန်သုံးစွဲသူ တစ်သန်းလျှင် မျက်စိ AKရောဂါခံစားရသူ တစ်ဦးမှ နှစ်ဦးအထိ ရှိတတ်သည်ဟု CDC ၏ လေ့လာချက်က ဖော်ပြသည်။ သို့ရာတွင် AMOCMP မျက်ကပ်မှန်သန့်ဆေးရည် သုံးစွဲသူများ၌မူ AKရောဂါဖြစ်ပွားသည့်နှုန်းထားသည် မျက်ကပ်မှန်အပျော့စားသုံးစွဲသူများ၌ ခုနစ်ဆအထိ ပိုမိုများပြားသည်ကို တွေ့ရသည်။

လိုက်နာသင့်

အမေရိကန်ပြည်ထောင်စုတွင် မျက်ကပ်မှန် အပျော့စားသုံးစွဲသူ သန်း ၃၀ ခန့်ရှိသည်။ မျက်ကပ်မှန်သုံးစွဲသူများအနေဖြင့် မျက်စိရောဂါများမှ ကင်းဝေးစေရန် အောက်ပါအချက်များကို လိုက်နာသင့်ကြောင်း FDA အဖွဲ့မှ အကြံပြုထားသည်။

ရေမကူးမီသော်လည်းကောင်း၊ ရေမချိုးမီသော်လည်းကောင်း၊ မျက်နှာမသစ်မီသော်လည်းကောင်း မျက်ကပ်မှန် ဦးစွာဖြုတ်၍ သိမ်းထားရမည်။

မျက်ကပ်မှန်ကိုမကိုင်မီ လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြော၍ ဦးစွာအခြောက်ခံရမည်။

မျက်ကပ်မှန်ကို သန့်ရှင်းရာ၌ ထုတ်လုပ်သူ၏ ညွှန်ကြားချက်ကိုလည်းကောင်း၊ သို့မဟုတ် မျက်စိကုဆရာဝန်၏ညွှန်ကြားချက်ကိုလည်းကောင်း လိုက်နာရမည်။

မျက်ကပ်မှန်ကို ပိုးသတ်ရာ၌ ဆားရည်ကိုသော်လည်းကောင်း၊ စိုစေသော အရည်တစ်မျိုးမျိုးကိုသော်လည်းကောင်း မသုံးရပါ၊ သတ်မှတ်ထားသော ပိုးသတ်ဆေးရည်ကိုသာ သုံးစွဲရမည်။

မျက်ကပ်မှန်ကိုဖြုတ်တိုင်း၊ တပ်ဆင်တိုင်း၊ သိမ်းဆည်း တိုင်း သန့်စင်ဆေးရည်အသစ်နှင့် ပိုးသတ်ဆေးရည်အသစ်ကို သုံးစွဲ ရမည်။

အသုံးပြုပြီးသော သန့်စင်ဆေးရည်နှင့် ပိုးသတ်ဆေးရည်တို့ကို တစ်ကြိမ်သုံးတိုင်း အသစ်လဲလှယ်ပါ။

မျက်ကပ်မှန်ကို သန့်ရှင်းသောဘူးငယ်အတွင်း သိမ်းဆည်းပါ။

မျက်ကပ်မှန်သိမ်းဆည်းသော ခွက်ငယ်ကို သုံးလတစ်ကြိမ် အသစ်လဲလှယ်ပါ၊ ထိုခွက်ငယ်ကို ပိုးသတ်ဆေးရည်မှတစ်ပါး အခြားမည့်သည့်အရည်နှင့်မျှ ဆေးကြောခြင်းမပြုရ။

မျက်ကပ်မှန်ကို သုံးစွဲရန် သတ်မှတ်ထားသည့် အချိန်စေ့တိုင်း လဲလှယ်ရမည်။

မျက်စိကို ဆရာဝန်ထံ အချိန်မှန်မှန် စစ်ဆေးမှုခံယူပါဟူ၍ အကြံပြုထားသည်။

အင်တာနက်

အာရှဘိလိယက်ပြိုင်ပွဲ မြန်မာအသင်းမှအောင်ဌေး အကြိုဗိုလ်လုပွဲတက်

ရန်ကုန် မေ ၃၀

မေ ၂၆ရက်မှ ဇွန် ၂ရက်အထိ ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပလျက်ရှိသည့် ၂၀၀၇ခုနှစ် (၆)ကြိမ်မြောက် အာရှ အသက် (၂၁)နှစ်အောက် စနူကာပြိုင်ပွဲနှင့် အာရှဘိလိယက် ချန်ပီယံပြိုင်ပွဲတွင် ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာဘိလိယက်အသင်းမှ အောင်ဌေးသည် အိန္ဒိယနိုင်ငံမှ အားကစားသမားရူပက်(ရှ်)ရှားအား ၄ပွဲ-၂ပွဲဖြင့်အနိုင်ရရှိကာအကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီး မေ၃၁ ရက်တွင်အကြိုဗိုလ်လုပွဲဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

အများသိရှိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ဟာဂျီဦးတင်အေး၊ ဟာဂျီမဒေါ်ခင်ရီ၊ အမှတ်(၃၃၃)၊ အောက်ပုဇွန်တောင်လမ်း၊ (၃)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန် မြို့နေသူတို့၏ ညွှန်ကြားချက်အရ အများသိရှိစေရန် ကြေညာလိုက်ပါသည်။

ကျွန်ုပ်အမှုသည်တို့၏ သားတစ်ဦးဖြစ်သူ မောင်မောင်စိုး(ခ)ယူနွတ်စ် [၁၂/ပဇတ (နိုင်)၀၂၆၄၃၅] သည် မိဘနှင့် ညီအစ်ကိုမောင်နှမများအား ရန်သတ္တုရုပြုခြင်း၊ နည်းမျိုးစုံနှောင့်ယှက်ခြင်း၊ စီးပွားပျက်စေရန် လုပ်ဆောင်ခြင်းတို့ကြောင့် ၎င်းအား လွန်ခဲ့သော (၁)နှစ်ကျော်ကပင် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ပြီး အိမ်မှနှင်ထုတ်လိုက်ပြီးဖြစ်ပါသည်။

၁၈-၃-၂၀၀၇နေ့ထုတ် ကြေးမုံသတင်းစာမှလည်း အများသိရှိစေရန် ကြေညာပြီး ဖြစ်ပါသည်။

ထို့ကြောင့် မောင်မောင်စိုး(ခ)ယူနွတ်စ်သည် ကျွန်ုပ်အမှုသည်တို့နှင့် မည်သို့မျှ မသက်ဆိုင်၊ မပတ်သက်တော့ပါကြောင်း၊ ၎င်းနှင့်သက်ဆိုင်သမျှအားလုံးသည် ကျွန်ုပ်အမှုသည် မိသားစုတို့နှင့် လုံးဝမသက်ဆိုင်ကြောင်း၊ ကျွန်ုပ်အမှုသည်များနှင့် မိသားစုပိုင် အရပ်ရပ်ပစ္စည်းများနှင့်လည်း မောင်မောင်စိုး(ခ)ယူနွတ်စ်နှင့် လုံးဝမသက်ဆိုင်ကြောင်း အများသိရှိစေရန် ကြေညာလိုက်ပါသည်။

အမှုသည်များ၏ ညွှန်ကြားချက်အရ-
U Thein Han (TWANTE)
LL.B, Diploma in Business Law ADVOCATE
No.9/11, 103(C), First Floor, 36th Street, Kyauktada Township, Yangon.

JUNE SPECIAL PROMOTION

BannerStore

မကြာမီက ဖွင့်လှစ်လိုက်သော BannerStore Supermarket မှ မိတ်ဆွေများအားလုံးအတွက် ခေတ်မီနောက်ဆုံးပေါ် ပစ္စည်းများ စုံလင်စွာရရှိခြင်း၊ သင့်တင့်မျှတသော ဈေးနှုန်း၊ အကောင်းဆုံး ဝန်ဆောင်မှု၊ သက်သောင့်သက်သာရှိမှု၊ စူပါမားကက်ရဲ့ခမ်းနားမှု၊ လုပထည်ဝါမှုများကို သင်ကိုယ်တိုင် လာရောက်လေ့လာကြည့်ရှုပါ။ ထူးခြားဆန်းသစ်တဲ့ အခွင့်အရေးများရှိရာ BannerStore Supermarket မှ မိတ်ဆွေများအားလုံးကို လက်ကမ်းကြိုဆိုနေမှာ ဖြစ်ပါတယ်။

- တစ်ကြိမ်တည်းနှင့် ကျပ်နှစ်သောင်းဖိုးတိတိ ဝယ်ယူအားပေးသော မိတ်ဆွေများအတွက် ကျပ် ၁၀၀၀ တန်ဖိုးရှိ Redemption Voucher တစ်စောင်ကို ရရှိမှာဖြစ်ပါတယ်။ Ks 1000

- တစ်ကြိမ်တည်းနှင့် ကျပ်ငါးသောင်းဖိုး ဝယ်ယူအားပေးသော မိတ်ဆွေများအတွက် ကျပ် ၃၀၀၀ တန်ဖိုးရှိ Redemption Voucher တစ်စောင်ကို ရရှိမှာဖြစ်ပါတယ်။ Ks 3000

ကံစမ်းမဲအစီအစဉ်

မိမိဝယ်ယူထားသော Receipt Voucher များကို သိမ်းဆည်းထားပါ။ တစ်လအတွင်း စုစုပေါင်း ကျပ် နှစ်သိန်းပြည့်ပါက ထို Receipt Voucher များဖြင့် ဇူလာမပါ ကံစမ်းမဲအစီအစဉ်တွင် ပါဝင်ခွင့်ရ ရှိမှာဖြစ်ပါတယ်။

အထူးဆု	-	မော်တော်ကား
ပထမဆု	-	26'' LCD တီဗွီ
ဒုတိယဆု	-	Video Camera
တတိယဆု	-	Split Type (အဲယားကွန်း)
စတုတ္ထဆု	-	Two Doors ရေခဲသေတ္တာ
ပဉ္စမဆု	-	Digital ကင်မရာ
ဆဋ္ဌမဆု	-	Stand Fan (ပန်ကာ)
သတ္တမဆု	-	DVD Player
အဋ္ဌမဆု	-	Coffee Mixer
နဝမဆု	-	လျှပ်စစ်မီးပူ
ဒသမဆု	-	ထမင်းပေါင်းအိုးနှင့် အခြားဆုမဲပေါင်းများစွာ . . .

အထက်ပါအစီအစဉ်ကို ဇွန်လ (၁) ရက်နေ့မှ (၃၀) ရက်နေ့အထိကျင်းပမည်ဖြစ်ပါသည်။ ဇလာမပါကံစမ်းမဲများကို ဇူလိုင်လ (၁) ရက်နေ့တွင် ဖေါက်ပေးသွားမှာဖြစ်ပြီး၊ မဲပေါက်သူများစာရင်းကို သတင်းစာများမှ လည်းကောင်း၊ ဖုန်းဆက်၍ လည်းကောင်း အကြောင်းကြားပေးမည်ဖြစ်ပါသည်။
Sky Lion Trading Co., Ltd. အမှတ် (၅၂၀-အေ)၊ ၄-အေ၊ ကမ္ဘာအေးစေတီလမ်း၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၅၉၇၂၁၊ ၅၅၉၇၂၂။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးမြင့်သိန်း၏ သင်္ဘောသား မှတ်ပုံတင်လက်မှတ် အမှတ်-CDC 56184 သည် ခရီးသွားရင်း သဃ်န်းကျွန်းမြို့နယ်တွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၂၉၈၆၀၃**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဝင်းလှ၏ နိုင်ငံကူးလက်မှတ် အမှတ်-၅၀၇၅၈၅ သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၂၅၆၇၄၅

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်

မော်လမြိုင်မြို့နယ်၊ ကွင်းရပ်ရပ်ကွက်၊ ကျောက်မီးသွေးရုံလမ်း၊ အမှတ်(၇၉၈)နေ ကျွန်တော်-ကျွန်မတို့၏ သမီးဖြစ်သူ မအိသန္တာနွယ် [၁၀/မလမ(နိုင်)၁၄၈၃၀၃]သည် မိဘများကို စိတ်ဆင်းရဲအောင်လုပ်ပြီး ၂၄-၃-၂၀၀၇ ရက်နေ့မှစ၍ မိမိသဘောအလျောက် အိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။
[နောက်နောင် ၎င်းနှင့် ပတ်သက်သော ကိစ္စရပ်များအား လုံးဝ(လုံးဝ) တာဝန်မယူပါ။] **ဦးသန်းနွယ်**
[၁၀/မလမ(နိုင်)၀၇၇၃၈၅]
ဒေါ်ခင်မြ[၁၀/မလမ(နိုင်)၀၇၇၄၀၇]

အင်အားနည်းမြေငလျင်လှုပ်

နေပြည်တော် မေ ၃၀

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ၂နာရီ၂၃မိနစ် ၅၀စက္ကန့် အချိန်တွင် မန္တလေးမြေငလျင်စခန်း၏ အရှေ့တောင်ဘက် ၁၂၅မိုင်ခန့်အကွာ တောင်ကြီးမြို့အနီး ပြည်တွင်းတစ်နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၄ အဆင့်ရှိ အင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက တိုင်းထွာရရှိသည်။(သတင်းစဉ်)

အသင်းသားများသိသာရန်

မြန်မာဂေါက်သီးရိုက်အသင်း (၉)မိုင် ပြည်လမ်း ရန်ကုန်မြို့၏ ၂၀၀၆/၂၀၀၇ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကို ၂၄-၆-၂၀၀၇(တနင်္ဂနွေနေ့) နံနက် ၉:၃၀နာရီ အချိန်တွင် လည်းကောင်း၊ အလုပ်အမှုဆောင်သစ် ရွေးချယ်ပွဲကို ယင်းနေ့ နံနက်၁၁နာရီမှ ညနေ ၃နာရီအတွင်း ကျင်းပရန်ရှိပါသဖြင့် အသင်းသားများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာဂေါက်သီးရိုက်အသင်း

ဆရာမကြီး ဒေါ်ခင်မာကြည် B.A, Dip.E.d, M.A (U.K) ပညာရေးတက္ကသိုလ် အင်္ဂလိပ်စာဌာန(ငြိမ်း) ဦးစီးသော

THUWUNNA LEARNING CENTRE
LEARN TODAY - READY TOMORROW

Preschool (Age 3-5) & Weekend English Classes

- Regular English Classes (Age 5+)
- Starters, Movers, Flyers စာမေးပွဲဖြေဆိုရန် ပြင်ဆင်မှုသင်တန်းများ
- Communicative English Classes (ဘွဲ့ကြို၊ ဘွဲ့ရနှင့် နိုင်ငံခြားသွားမည့်သူများ)
- 4 Skills + Grammar & Essay

June တွင်စမည်

၁၀၂ တိုက်တာအဆောက်အဦး (၁)၊ စုပေါင်းမှတ်တိုင်၊ သံသုမာလမ်း၊ သုဝဏ္ဏ ရန်ကုန်။
Tel : 562 639 / 704 577 / 09-511-9824.

မော်နီတာအပျက်ဝယ်သည်

ကွန်ပျူတာ(မော်နီတာ)အပျက်များကို အိမ်တိုင်ရာရောက် ဝယ်ယူလိုပါသည်။

ဆက်သွယ်ရန် ဖုန်း-၅၂၆၈၃၉၈

တန်ဖိုးရှိလှ လူငယ်ဘဝ
မူးယစ်ကင်းစင် ကျန်းမာမှ

မူပိုင်- ဦးချန်ထွင် Excellent Creation

ထွဋ်ခေါင်ဦး
ကော်ဖီဆိုင်

Tape & Audio CD (1.06.2007) ထွက်ပြီ

ကော်ဖီဆိုင် တေးစီးရီး Promotion Free Showကို ကန်တော်ကြီးဥယျာဉ်ကမ္ဘာ၌ (2.06.2007)Sat (5:30 PM) တွင် အဆိုတော် အောင်နိုင်၊အက်(စ်)ကဲနက်၊ဟဲလေး၊B3၊Hello တို့နှင့်အတူ အခြားသော အနုပညာရှင်များစွာနဲ့ သီဆိုဖျော်ဖြေမှာဖြစ်ပါတယ်။ (လက်မှတ်- အခမဲ့)

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကျော်နိုင်၏ PP No-(373277) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။
(၄၆)၊ ဦးဝိစာရလမ်း၊
(၄)ရပ်ကွက်၊ မ/ဒဂုံ

ကျေးဇူးဆပ်ပါမည်

ကျွန်တော် အောင်နိုင်ဝင်း၏ PP No-(534992)သည် ခရီးသွားလာစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
No-50 (၁)ရပ်ကွက်၊ သုံးခွမြို့

သရုပ်ဆောင်ဖြစ်လိုသူများ
လျှောက်ထားနိုင်သည်
အသက် ၂၅ နှစ်အောက်

အရွေးချယ်ခံရလျှင်
- DVD, VCD ဇာတ်ကားများ
- သီချင်း VCD များ
- စင်မြင့်ဖျော်ဖြေပွဲများ

၌ ပါဝင်ခွင့် (ကိုန်းသေ) ရမည်။

လျှောက်ထားသူသည်
- ၆လ (အခမဲ့) သင်တန်းတက်ခွင့်ရမည်။
- နံနက်(၁၀း၀၀) မှ ညနေ(၅း၀၀)ထိ နေ့စဉ်သင်တန်း ဖြစ်သည်။
- သရုပ်ဆောင်ပညာ၊ Dancer, Modelling, သီချင်းအဆို ပညာများအားလုံး (လုံးဝ) အခမဲ့သင်ကြားခွင့်ရမည်။
- မည်သည့်စာချုပ်နှင့်မျှ ချုပ်နှောင်ထားခြင်းမရှိ။

အောက်ပါလိပ်စာ၌ ဝင်ခွင့်ဖောင်များအခမဲ့ရယူ၍ ပို့စကတ်ဆိုဒ်ဓာတ်ပုံ(၅)ပုံနှင့် လျှောက်ထားနိုင်သည်။

နတ်သမီး အနုပညာလုပ်ငန်းစု - ၂၃၁ လမ်း (၄၀) အသက် ကျောက်တံတား။

- ❖ အိမ်မှာနေရင်း အပိုဝင်ငွေရှာလိုသူများအတွက်
- ❖ အရင်းအနှီးနည်းနည်းနှင့် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်ချင်သူများအတွက်
- ❖ ကိုယ်ခန္ဓာလှပကျော့ရှင်းမှုအတွက် စိတ်တိုင်းမကျသေးသော ပျိုပျိုအိုအိုများအတွက်
- ❖ ဈေးနှုန်းလည်းသက်သာ၊ အရည်အသွေးကောင်းတာကိုမှ ဝတ်ချင်သူများအတွက်

ဒိတစ်သက်တော့ C.S

C.S ဇာဘော်လီ၊ ဘရာဇီယာ၊ ဘောင်းဘီနှင့်အတွင်းခံအမျိုးမျိုးရောင်းဝယ်ရေး

အမှတ် (၁၀/၈)၊ စံပယ်လမ်း၊ ယုဇနပလာဇာအနောက်ဘက်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
☎ - (၀၁) ၂၄၄၄၄၄၊ ၇၀၉၅၈၈၊ ၀၉၅၁၂၁၁၃၄၊ ၂၀၀၄၇ လိုင်းခွဲ (၇၁၀၈)

- ကျောင်းသူ၊ ရုံးသူ၊ ကုမ္ပဏီဝန်ထမ်းသူများအတွက် အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချပေးနေပါပြီ..
- စဉ်ဆက်မပြတ် ဝယ်ယူအားပေးနေကြသော လက်လီ၊လက်ကား ဖောက်သည်များအား အထူးကျေးဇူးတင်ရှိပါသည်။

ဗိုလ်တထောင်မြို့နယ် မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်အတွင်း ဇောတိဇယ(အောင်ဇောတိ) စေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန်　　မေ　　၃၀

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်အတွင်း တည်ထားအပ်သော ဇောတိဇယ(အောင်ဇောတိ) **စေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို ယနေ့(နယုန်လပြည့် မဟာသမယအခါတော်နေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းတိုက်ရှိ စိန်ရတုခန်းမ၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို၍ အလှူငွေများလက်ခံပြီး ဇောတိဇယ(အောင်ဇောတိ) စေတီတော်အား ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ပင့်ဆောင်တင်လှူပူဇော်သည်။**

ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် တောင်ကုတ်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသူရိယဓဇ အမှူးပြုသော သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရဋ္ဌသာရထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အမှူးပြုသော ဒေ့ယ်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူအပ်သော ပရိတ်တရားတော်များကို နာယူကြသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ ဇောတိဇယ(အောင်ဇောတိ)စေတီတော်အား ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို စေတီတော်ဘုံအဆင့်ဆင့်သို့ မင်္ဂလာပန်းရထားဖြင့် ပင့်ဆောင်တင်လှူပူဇော်ကြစဉ်။(သတင်းစဉ်)

အင်တာနက်ကျန်းမာရေးသတင်း

အန္တရာယ်ရှိသော မျက်ကပ်မှန်သန့်ဆေးရည် မျက်စိကွယ်စေသည်အထိ ဒုက္ခပေးနိုင်ကြောင်း သတိပေး

ဝါရှင်တန်　မေ　၃၀

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် စန်တာအင်နာမြို့အခြေစိုက် အက်ဒဗန့်မယ်ဒီကယ်အော့ပတစ်ကုမ္ပဏီမှ ထုတ်လုပ်သည့် မျက်ကပ်မှန်သုံးဆေးရည် (Complete Moisture Plus) သုံးစွဲသူများတွင် **စာမျက်နှာ ၁၂ ကော်လံ ၁ သို့**

အန္တရာယ် ရှိကြောင်း တွေ့ရသဖြင့် အသုံးမပြုရန်သတိပေးခြင်းခံ ထား ရ သော AMOCMPမျက်ကပ် မှန် သန့်ဆေးရည်။
(ဓာတ်ပုံ-အင်တာနက်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူး၍ ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ် စာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းပွဲကျင်းပ

နေပြည်တော်　　မေ　　၃၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူး၍ ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ်အဖြစ် စာအုပ်နှင့်စာရေးကိရိယာများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်နှင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှ၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးရဲလွင်အောင်၊ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်၊ ပျဉ်းမနား၊တပ်ကုန်းနှင့် လယ်ဝေးမြို့နယ်တို့မှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အမှုဆောင်များနှင့် အသင်းဝင်များ၊ ဖိတ်ကြားထားသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "ကျောင်းအပ်နှံရေး"သီချင်းကိုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က စာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃)နှင့် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းများ၊ ပျဉ်းမနားမြို့နယ် မရမ်းတောင်ကျေးရွာနှင့် ထိန်ပြောင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းများ၊ တပ်ကုန်းမြို့နယ် ရားတုံးအိုင်ကျေးရွာနှင့် လက်ပံအိုင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းများ၊ လယ်ဝေးမြို့နယ် **စာမျက်နှာ ၉ ကော်လံ ၁ သို့**

ယနေ့မိုးလေဝသ

၃၁-၅-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မှတ်သားဖွယ်ရာ ချိန်များ (၃၀-၅-၂၀၀၇)

နေပြည်တော်

၀ ဒသမ ၇၁ လက်မ

ရန်ကုန်(ကမ္ဘာအေး)နှင့် သာယာဝတီ

၁ ဒသမ ၈၁ လက်မ

ရန်ကုန်(မင်္ဂလာဒုံ)

၁ ဒသမ ၂၉ လက်မ